ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

MLRC

NFPE

# ကျောင်းပြင်ပမူလတန်းပညာရေး

# ဒုတိယဆင့်
# အခြေခံမြန်မာပတ်စာ

၂၀၁၉ ခုနှစ်

ကန့်သတ်

NFPE

# အမှာစာ

ကျောင်းပြင်ပ မူလတန်းပညာရေး ဒုတိယဆင့် အခြေခံမြန်မာဖတ်စာကို အသက်အရွယ်အားဖြင့် (၁၀)နှစ်မှ (၁၄)နှစ် ကျောင်းမနေဖူးသူ ကလေးလူငယ်များ လေ့လာသင်ယူရန် စီစဉ်ပါသည်။ ဖတ်စာများတွင် သုတဖတ်စာ၊ ရသ ဖတ်စာ သင်ခန်းစာများကို မျှတအောင် စီစဉ်ပါသည်။ ကျောင်းနေအတွေ့အကြုံမရှိသော လူငယ်မောင်မယ် သင်ယူသူများသည် ဘဝအတွေ့အကြုံ လောကအတွေ့အကြုံရှိကြပါသည်။ စာပေအတွေ့အကြုံရှိလှမည် မဟုတ်ပါ။ ထို့ကြောင့် ဖတ်စာတွင် မြန်မာကဗျာ၊ မြန်မာစကားပြေ၊ မြန်မာပုံပြင်၊ မြန်မာစကားထာ စသည့် မြန်မာမှု မြန်မာစာပေများကို ဦးစားပေးရွေးချယ်စီစဉ်ခဲ့ပါသည်။ စာတွေ့မှ ရလာသော ဗဟုသုတ၊ အတွေးအမြင်များကို လက်တွေ့ဘဝတွင် အသုံးချလျက် လောကကို ရင်ဆိုင်နိုင်ပါလိမ့်မည်။

သင်ခန်းစာတစ်ပုဒ်ချင်းအတွက်ချမှတ်ထားသော ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်ရန် ထိရောက်သည့် နည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတို့ကို စနစ်တကျ အသုံးပြုသွားကြပါရန် တိုက်တွန်းရပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကျောင်းသားကောင်း | ၁ |
| ၂။ | အလိုကြီး အရနည်း | ၂ |
| ၃။ | ဉာဏ်ကောင်းသောကျီး | ၄ |
| ၄။ | မြန်မာရွှေပြည် | ၆ |
| ၅။ | အဘိုးအိုနှင့်သားများ | ၇ |
| ၆။ | ရွှေလျားစာကြည့်တိုက် | ၉ |
| ၇။ | မြန်မာတို့၏ နေ့ကြီးရက်ကြီးများ | ၁၁ |
| ၈။ | ပန်းဆယ်ပွင့် | ၁၂ |
| ၉။ | တို့တာဝန် | ၁၇ |
| ၁၀။ | မိုးခြိမ်းတာကြောက်တဲ့အမေ | ၁၈ |
| ၁၁။ | ကြာအေး | ၂၀ |
| ၁၂။ | ကျွန်တော်တို့၏ ရွာကလေး | ၂၁ |
| ၁၃။ | ရွှေစွန်ညို | ၂၃ |
| ၁၄။ | ဦးသန့်နေအိမ်ပြတိုက် | ၂၄ |
| ၁၅။ | ဥပုသ်စောင့် | ၂၆ |
| ၁၆။ | စာဖတ်သောလယ်သမားလေးမောင်ဥက္ကာ | ၂၇ |
| ၁၇။ | ဝက်ပါ | ၂၉ |
| ၁၈။ | တို့ရွာတို့ကျောင်း | ၃၀ |
| ၁၉။ | စံပြကျေးရွာ | ၃၁ |
| ၂၀။ | ပန်းသည် | ၃၃ |
| ၂၁။ | သားလိမ္မာနဲ့ယုန်ကလေး | ၃၄ |
| ၂၂။ | အောင်ဆန်းဇာနည် | ၃၆ |
| ၂၃။ | ပိုနေမြဲကျားနေမြဲ | ၃၈ |
| ၂၄။ | အများအကျိုး ကိုယ့်အကျိုး | ၄၀ |
| ၂၅။ | မဟောသဓာ၏ကစားရုံကြီး | ၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆။ | စကားထာဝှက်ခြင်း | ၄၃ |
| ၂၇။ | ဆရာ့ကျေးဇူး | ၄၆ |
| ၂၈။ | စည်းစိမ်ပျက်တတ်သော အချက် ခြောက်ချက် | ၄၇ |
| ၂၉။ | တိုင်းရင်းသားရိုးရာအကများ | ၄၉ |
| ၃၀။ | ရာဇကုမာရ်သားလိမ္မာ | ၅၂ |
| ၃၁။ | ပုဂံခရီးသည် | ၅၄ |
| ၃၂။ | ကျေးညီနောင် | ၅၅ |
| ၃၃။ | ကောင်းအောင် ကြိုးစားပါ | ၅၇ |
| ၃၄။ | သားထူးသားမြတ် | ၅၈ |
| ၃၅။ | ရွှေတိဂုံ စေတီတော် | ၆၀ |
| ၃၆။ | ပညာရဖို့ | ၆၂ |
| ၃၇။ | ဖွားဦးဖွန်း | ၆၃ |
| ၃၈။ | ရေချမ်းစင်၏ စေတနာ | ၆၅ |
| ၃၉။ | ဆီးသီးသည် မဗျိုင်း | ၆၆ |
| | ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုချက် | ၆၉ |
| | စကားထာအဖြေများ | ၇၅ |


✧✧✧✧✧✧✧✧✧✧✧✧✧✧✧

NFPE

## ကျောင်းသားကောင်း



အတူကစားရင် ရန်မဖြစ်နဲ့
ချစ်ချစ်ခင်ခင် ကစားပါ၊
အနိုင်ကျင့်တာ ရှက်စရာပဲကွဲ့
ဆိုတာ ဆဲတာ ရိုင်းလှစွာ၊

ကျောင်းသားပီပီ အကူအညီပေးလို့
ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ၊
ဆရာပြောတာ မြေဝယ်မကျအောင်
နားထောင်ပါမှ လူလိမ္မာ၊
စည်းကမ်းကိုသာ ရှိသေကြရင်
ပညာမုချ တတ်မြောက်မှာ၊
တတ်မှာ၊ တတ်မှာ။

တင်မိုး

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ ကူးရေးပါ။

၃။ ကဗျာအကြောင်းပြောပြပါ။

NFE



## အလိုကြီးအရနည်း

တစ်ခါတုန်းက လူတစ်ယောက်မှာ အလွန်ထူးဆန်းတဲ့ ငန်းတစ်ကောင်ရှိသတဲ့။ အဲဒီ ဘဲငန်းဟာ တစ်နေ့တစ်နေ့မှာ ရွှေဥတစ်လုံး တစ်လုံးဥပေးတယ်။ ဒါပေမဲ့ ငန်းပိုင်ရှင်ဟာ ရွှေဥတစ်လုံးရတာကို မကျေနပ်နိုင်ဘူး။ ငန်းရဲ့ဝမ်းဗိုက်ထဲမှာ ရွှေဥတွေ အများကြီးရှိလိမ့်မယ်လို့ ထင်သတဲ့။ လောဘကြီးတဲ့ ငန်းပိုင်ရှင်ဟာ  ငန်းကြီးကိုသတ်ပြီး ဝမ်းဗိုက်ထဲမှာ ရွှေဥတွေရှာသတဲ့။ ငန်းရဲ့ဗိုက်ထဲမှာ ဘာမှမရှိတာ တွေ့ရတယ်။ ငန်းရှင်ဟာ ငန်းကို သတ်မိတာ မှားပြီလို့ပြောပြီး နောင်တရသတဲ့။

'' အလိုကြီးလျှင် အရနည်း'' တတ်ကြောင်း သင်ခန်းစာယူရပါမည်။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ အလိုကြီး အရနည်း ဇာတ်လမ်းအကြောင်း ပြောပြပါ။

၃။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) ဤဇာတ်လမ်းမှ မည်သည့် သင်ခန်းစာရသနည်း။
(ခ) သင်သာ ငန်းပိုင်ရှင်ဖြစ်ခဲ့လျှင် ငန်းကြီးကို ဘာလုပ်မည်နည်း။



NFPE

# ဉာဏ်ကောင်းသောကျီး

တစ်ခါတုန်းက ကျီးတစ်ကောင်ဟာ ရေငတ်လွန်းလို့ လည်ချောင်းတွေ ခြောက်သွေ့ပြီး ခံစားနေရသတဲ့။ နွေခေါင်ခေါင်မှာ ပူလောင်လွန်းလို့ နေရာအနှံ့မှာ ရေရှာထွက်ပေမယ့် ရေမတွေ့နိုင်ဖြစ်နေတယ်။ ရေရှာဖို့ ပျံသန်းနေရင်း မြေကြီးပေါ်မှာ ထောင်ထားတဲ့ ရေကရား တစ်ခုကို မြင်လိုက်သတဲ့။



ရေကရားထဲမှာ ရေရှိမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ရေကရားအနားကို ပျံသန်းသွားတယ်။ ကျီးဟာ သူ့နှုတ်သီးကို ရေကရား အဝထဲထိုးထည့်ပြီး ရေကိုရအောင် သောက်ဖို့ကြိုးစားတယ်။ ဒါပေမဲ့ ရေက ရေကရား အောက်ခြေနားမှာ ရှိနေတယ်။ ကျီးရဲ့ နှုတ်သီးက ရေကို မမှီဘူး၊ ကျီးဟာ သူ့နှုတ်သီးကို ပြန်ထုတ်လိုက်ပြီး ပျံဝဲနေရင်း အကြံထုတ်သတဲ့။

'' ငါရေကရားကို တွန်းလှဲပစ်ရမယ်၊ ရေတွေအပြင်ထွက်ကျလာပြီး မြေကြီးပေါ် မှာ ရေအိုင်ကလေးဖြစ်သွားမယ်။ ဒါမှ မြေကြီးပေါ်ကရေကို သောက်လို့ရမယ်။''

ကျီးဟာ သူ့အကြံအတိုင်း ရေကရားကို တွန်းလှဲတယ်။ ရေကရားက လုံးဝမရွေ့၊ ရေကရားကို တွန်းလှဲနိုင်လောက်သော အင်အား ကျီးမှာ မရှိပါ။

ကျီးဟာ ရေသောက်ရဖို့ နောက်ထပ် အကြံကောင်းတစ်ခုကို စဉ်းစားမိပြန်တယ်။ အနီးမှာ ရှိနေတဲ့ ကျောက်စရစ်တုံးတစ်တုံးကို ကိုက်ချီပြီး ရေကရားထဲ ပစ်ချလိုက်တယ်။ တဖြည်း ဖြည်းနဲ့ပစ်ချလိုက်တဲ့ ကျောက်စရစ်တုံး များလာတာနဲ့အမျှ ရေဟာအပေါ်ကို တဖြည်း ဖြည်းချင်း မြင့်တက်လာတာကို မြင်ရတော့ ကျီးဟာဝမ်းသာပြီး ကျောက်စရစ်ခဲ တွေကို ကြိုးစားထည့်တယ်။



နောက်ဆုံးမှာ ရေဟာ ရေကရားအဝအထိ တက်လာတယ်။ ကျီးဟာ ဒီတော့မှ

သောက်လိုသမျှ ရေကို တဝကြီး သောက်ပြီး လိုရာခရီးကို ပျံသန်းသွားပါ တော့တယ်။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ အလွတ်ပြန်ပြောပြပါ။

၃။ ကွင်းထဲမှ မှန်သော စကားလုံးကိုရွေး၍ကွက်လပ်တွင် ဖြည့်ပါ။

(က) ကောင်းကင်တွင် ငှက်များ ----------- နေကြသည်။
(ပျံသန်း၊ ပျံသမ်း)

(ခ) ရေ ----------- ထဲသို့ ရေပြည့်အောင် ထည့်ပါ။
(ခရား၊ ကရား)

(ဂ) ဤလမ်းကို ----------- တုံးများဖြင့် ခင်းထားသည်။
(ကျောက်စရစ်၊ ကြောက်စရစ်)

(ဃ) နွေဥတုတွင် ပူပြင်း ----------- နေသည်။
(ခြောက်သွေ့၊ ချောက်သွေ့)

၄။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) ရေကရားတွင် ရေမည်မျှ ရှိသနည်း။

(ခ) မည်သို့ ပြုလုပ်ခြင်းကြောင့် ကျီးသည် ရေသောက်၍ ရသွားပါသနည်း။

(ဂ) ဤပုံပြင်မှ မည်သည့်သင်ခန်းစာရပါသနည်း။

NFPE

## မြန်မာရွှေပြည်



ကျောက်သံပတ္တမြား၊ ကျွန်းသစ်များ
ပေါများပေသည်၊ စပါးကျီ
မြန်မာရွှေပြည် တို့ရွှေပြည်။

ဇရပ်တန်ဆောင်း၊ စေတီကျောင်း
ခေါင်းလောင်းဝေစည်၊ ချိုပေသည်
မြန်မာရွှေပြည် တို့ရွှေပြည်။

ကိုယ့်အားကိုယ်ကိုး၊ စိတ်နေရိုး
အမျိုးချစ်သည်၊ စကားတည်
မြန်မာရွှေပြည် တို့ရွှေပြည်။

ပြည်ထောင်စုသား၊ ညီနောင်များ
အားလုံးပိုင်သည်၊ တို့ဆိုင်သည်
မြန်မာရွှေပြည် တို့ရွှေပြည်။

**တင်မိုး**

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ ကဗျာအကြောင်း ပြောပြပါ။

၃။ မြန်မာပြည်သားတို့၏ စိတ်နေသဘောထားကို ဖော်ပြပါ။



## အဘိုးအိုနှင့်သားများ

တစ်ခါတုန်းက အဘိုးအိုတစ်ယောက်တွင် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ကြသော သားများရှိလေသည်။ သားများ တစ်ဦးနှင့်တစ်ဦး သင့်မြတ်အောင် ဆိုဆုံးမပါသော်လည်း အချည်းနှီးသာ ဖြစ်ရသည်။



နောက်ဆုံး အကြံတစ်ခုရပြီး သားများကိုအနီးသို့ခေါ်၍ ထင်းစည်းတစ်စည်းကိုလည်းယူဆောင်လာခဲ့စေသည်။ ထို့နောက်ထင်းစည်းကို သားတစ်ယောက်စီအားချိုးစေ၏။ သားတို့သည် အင်အားရှိသမျှ အစွမ်းကုန်ကြိုးစား၍ ချိုးကြသော်လည်း ထင်းစည်းကို မချိုးနိုင်ကြ။

ကိုအခါ ဖခင်သည် ထင်းစည်းကိုဖြေစေပြီး သားတို့အား ထင်းတစ်ချောင်းစီ ချိုးခိုင်းလေသည်။ ဤအကြိမ်တွင် သားများက ထင်းချောင်းများကို လွယ်လင့်တကူ ချိုးပစ်နိုင်ကြသည်။ အဘိုးအိုသည် ထင်းစည်းဥပမာပြ၍ ဆုံးမစကားပြောလေသည်။



''ချစ်သားတို့ စည်းလုံးညီညွတ်ခြင်း၏ အင်အားကို မြင်ကြပြီ မဟုတ်လား။ ထို့အတူ သင်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး သင့်မြတ်စွာ နေထိုင်သင့်ကြသည်။ သို့မှသာ တစ်ပါးသူတို့၏ စော်ကားလာသော ဘေးအန္တရာယ်မှ ကာကွယ်နိုင်ကြလိမ့်မည်။ သင်တို့ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲနေကြလျှင် တစ်ခုစီသော ထင်းချောင်း အစိတ်စိတ် အပိုင်းပိုင်း ကျိုးပြတ်သကဲ့သို့ လွယ်လင့်တကူဖျက်ဆီးခြင်းခံရလိမ့်မည် ''ဟု ဆုံးမလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ အောက်ပါစကားလုံးများကို ကူးရေးပါ။
အဘိုးအို၊ သင့်မြတ်၊ ဆိုဆုံးမ၊ အချည်းနှီး၊ ထင်းစည်း၊ စည်းလုံးညီညွတ်၊ အစွမ်းကုန်ကြိုးစား၊ စိတ်ဝမ်းကွဲ၊ ကျိုးပြတ်၊ ဖျက်ဆီး။

၃။ ပုံပြင်အကြောင်းကို သင်နားလည်သလိုပြန်ပြောပြပါ။

၄။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) အဘိုးအိုတွင် မည်သို့သော သားများ ရှိသနည်း။
(ခ) အဘိုးအိုသည် သားများကို မည်သို့ ဆောင်ရွက်ခိုင်းသနည်း။
(ဂ) အဘိုးအိုသည် ထင်းစည်း ဥပမာ ပြ၍ သားများကို မည်ကဲ့သို့ ဆုံးမသနည်း။

၅။ စည်းလုံးညီညွတ်ခြင်းအကြောင်း စာကြောင်း(၅)ကြောင်းခန့်ရေးပါ။




# ရွေ့လျားစာကြည့်တိုက်

စာကြည့်တိုက် ဆိုသည်မှာကြည့်ရှုလေ့လာရန်၊ ငှားရမ်းဖတ်ရှုရန်စာအုပ်များ၊ ဂျာနယ်များကို သိမ်းဆည်းထားရာအဆောက်အအုံဖြစ်သည်။

စာကြည့်တိုက်အမျိုးမျိုးရှိပါသည်။ ကျောင်းစာကြည့်တိုက်၊ မြို့နယ်၊ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ မီးရထားဘူတာရုံ၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဝင်းဂိတ်များ၌ ခရီးသွားများအလွယ်တကူဖတ်ရှုနိုင်သောစာပေရေချမ်းစင် စာကြည့်တိုက်ငယ်များစသည်ဖြင့်အမျိုးမျိုးရှိပါသည်။

စာကြည့်တိုက်အမျိုးမျိုးရှိသည့်အနက်ယခုအခါကော့မှူးမြို့နယ်အတွင်းရှိကျေးရွာများအတွင်းလှည့်လည်ဝန်ဆောင်မှုပေးသည့်ရွေ့လျားစာကြည့်တိုက်ကားနှစ်စီးကို ဂျပန်နိုင်ငံမှစေတနာရှင်များကဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့လှူဒါန်းခဲ့ပါသည်။ ဤရွေ့လျားစာကြည့်တိုက်သည် မြန်မာနိုင်ငံ၏ပထမဆုံးသောစာကြည့်တိုက်အမျိုးအစားဖြစ်ပါသည်။

ရွေ့လျားစာကြည့်တိုက်ကားပေါ်တွင် ဖတ်ရှုလေ့လာရန်စာအုပ်များထားရှိပါသည်။ ရွာစဉ်တစ်လျှောက်မောင်းနှင်သွား၍ကားဆိုက်ထားစဉ်ရွာသူ ရွာသား၊ ကျောင်းသူကျောင်းသားမောင်မယ်များငှားရမ်းဖတ်ရှုနိုင်ပါသည်။ စာကြည့်တိုက်များနှင့်အလှမ်းကွာဝေးသော အရပ်ဒေသမှစာဖတ်လိုသူ၊ ဗဟုသုတရှာလိုသူများအလွယ်တကူငှားရမ်းဖတ်ရှုလေ့လာနိုင်သောရွေ့လျားစာကြည့်တိုက်ဖြစ်ပါသည်။ လယ်သမား၊ ယာသမားဦးကြီးများ စာငှားဖတ်ရန်လွယ်ကူစေသောအစီအစဉ်ဖြစ်ပါသည်။ ပညာရေးမဝေးအောင်ကြိုဆောင်ပေးသောရွေ့လျားစာကြည့်တိုက်အလှူရှင်များ၏ပညာရေးကုသိုလ်အတွက်သာဓုခေါ်သင့်လှပါသည်။

ရွေ့လျားစာကြည့်တိုက်မော်တော်ကား၏အကျိုးကျေးဇူးကြောင့်ရပ်ဝေးရပ်နီး ပညာလိုလားသည့် လူငယ်၊ လူလတ်၊ လူကြီးများပညာရေးဝေးသည်မရှိတော့ပါ။ အလိမ္မာစာမှာရှိ၊ စာအုပ်စာပေလူ့မိတ်ဆွေ ဆောင်ပုဒ်များနှင့်အညီ ပြည်သူပြည်သားများ ဖတ်မှတ်လေ့လာနိုင်ခွင့်ရ၍ ပညာပြည့်ဝနှလုံးလှသူများဖြစ်နိုင်ပါလိမ့်မည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ စာကြည့်တိုက်ဆိုသည်မှာအဘယ်နည်း။

၂။ စာကြည့်တိုက်အမျိုးအစားများကိုရေးသားပါ။

၃။ မြန်မာနိုင်ငံပထမဆုံးစာကြည့်တိုက်၏အမည်ကိုဖော်ပြပါ။

၄။ စာဖတ်ခြင်း၏အကျိုးကျေးဇူးကိုပြောပါ။

၅။ အလိမ္မာစာမှာရှိဆိုသောဆောင်ပုဒ်အကြောင်းရှင်းပြပါ။

NFPE

## မြန်မာတို့၏ နေ့ကြီးရက်ကြီးများ

မြန်မာနိုင်ငံတွင် နေ့ကြီးရက်ကြီးများ သတ်မှတ်ထားပါသည်။ ထိုနေ့ကြီး ရက်ကြီးများနှင့် အင်္ဂလိပ်လ၊မြန်မာလနှင့် ရက်တို့ကို မှတ်သားရပါမည်။ သို့မှသာ မိမိနိုင်ငံတွင် ကျင်းပလေ့ရှိသော နေ့ကြီး ရက်ကြီး ပွဲသဘင်များကို သိနိုင်ပါမည်။

- ဇန်နဝါရီလ (၄) ရက် – လွတ်လပ်ရေးနေ့။
- ဖေဖော်ဝါရီလ (၁၂) ရက် – ပြည်ထောင်စုနေ့။
- ဖေဖော်ဝါရီ (၁၃) ရက် – ကလေးများနေ့။
- မတ်လ (၂) ရက် – တောင်သူလယ်သမားနေ့။
- မတ်လ (၂၇) ရက် – တပ်မတော်နေ့။
- မေလ (၁) ရက် – အလုပ်သမားနေ့။
- ဇူလိုင်လ (၁၉) ရက် – အာဇာနည်နေ့။
- စက်တင်ဘာလ (၈) ရက် – နိုင်ငံတကာစာတတ်မြောက်ရေးနေ့။
- အောက်တိုဘာ(၅) ရက် – ကမ္ဘာ့ဆရာများနေ့
- တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်– အမျိုးသားနေ့

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ကူးရေးပါ။

၃။ သင်တို့ရပ်ကွက်တွင် ကျင်းပလေ့ရှိသော နေ့ကြီးရက်ကြီးအလိုက် ပွဲသဘင်များကို တန်းစီရေးပါ။

NFPE

## ပန်းဆယ်ပွင့်

ဘုရားတင်ရသည့် ပန်းမဟုတ်ပါ။ နတ်တင်ရသည့် ပန်းလည်းမဟုတ်ပါ။ ထိုပန်းမျိုးမှာ လက်မှုအနုပညာ ပန်းဆယ်မျိုးဖြစ်ပါသည်။

''ဘုရားမတင်၊ နတ်မဝင်၊ လူတွင်ပန်းဆယ်ပွင့်'' ဟူ၍ ပြောစမှတ်ရှိပါသည်။ ထိုပန်းဆယ်မျိုးကို အတိုမှတ်သည့် နည်းရှိပါသည်–

ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ မော့၊
ရန်၊ ပု၊ ပွတ်၊ ချီ၊ ယွန်း၊
ဘုရားမတင်၊ လူတွင်ဆယ်ပွင့်ပန်း။

ဟူ၍ စာစပ်ထားပါသည်။ ထိုဆယ်မျိုးသော လက်မှုအနုပညာပန်းဆယ်ပွင့်မှာ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီနှင့် ပန်းယွန်း တို့ဖြစ်ပါသည်။

**၁။ ပန်းပဲ** – သံထည်အမျိုးမျိုး သွန်းထုသည့် အတတ်ပညာ။



**၂။ ပန်းထိမ်** – ရွှေ၊ ငွေ ကို လက်ဝတ်တန်ဆာစသည် ပြုလုပ်သော အတတ်ပညာ။



၃။ **ပန်းတဉ်း** – ကြေးထည်အမျိုးမျိုး သွန်းထုလုပ်ကိုင်သည့် အတတ်ပညာ။



၄။ **ပန်းတော့** – အင်္ဂတေသရွတ်ဖြင့် ရုပ်လုံးရုပ်ကြွဖော်သော အတတ်ပညာ။



၅။ **ပန်းတမော့** – ကျောက်ဆစ်အတတ်ပညာ။



NEDE

၆။ **ပန်းရန်** – အုတ်၊ အင်္ဂတေတို့ဖြင့် အဆောက်အအုံလုပ်သည့် အတတ်ပညာ။



၇။ **ပန်းပု** – သစ်သား၊ ဆင်စွယ်စသည်တို့ကို ရုပ်လုံးရုပ်ကြွ ထွင်းထုသော အတတ်ပညာ။



၈။ **ပန်းပွတ်** – သစ်သား၊ ဆင်စွယ်စသည်ကို ပွတ်ခုံ၍ ပုံဖော်သည့် အတတ်ပညာ။



၉။ ပန်းချီ – ရုပ်ပုံရေးခြယ်သော အတတ်ပညာ။



၁၀။ ပန်းယွန်း – ယွန်းထည်ပြုလုပ်သော အတတ်ပညာ။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) ‘‘ဘုရားမတင်၊ နတ်မဝင်၊ လူတွင် ပန်းဆယ်ပွင့်’’ မှ ပန်းသည် မည်သည့် ပန်းမျိုးဖြစ်သနည်း။
(ခ) ပန်းဆယ်မျိုး အတိုမှတ်နည်းကို ဖော်ပြပါ။
(ဂ) ပန်းဆယ်မျိုးမှ တစ်ခုချင်းစီ၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

၃။ အောက်ပါပစ္စည်းများကို မည်သည့် ပန်းဆယ်မျိုး အတတ်ပညာဖြင့် ဖန်တီးထားပါသနည်း။

| | | | |
|---|---|---|---|
| ဥပမာ – | ကြေးခေါင်းလောင်း | – | ပန်းတဉ်း |
| | ထင်းခုတ်သောဓား | – | |
| | စေတီမုခ်ဝရှိခြင်္သေ့များ | – | |
| | ရွှေဆွဲကြိုး | – | |
| | တိုက်အိမ် | – | |
| | ယွန်းဆွမ်းအုပ် | – | |
| | ကျောက်ငရုတ်ဆုံ | – | |

NFPE



## တို့ တာဝန်

သည် အိမ်၊ ဘယ်သူ့အိမ်
တို့ အိမ်။
တို့ အိမ် ကောင်းအောင် ဘယ်သူပြု
ငါ တို့ မိသားစု။
သည် ကျောင်း၊ ဘယ်သူ့ကျောင်း
တို့ကျောင်း။
တို့ကျောင်းဂုဏ်ကို ဘယ်သူဆောင်
ငါတို့ကျောင်းသူ ကျောင်းသားမောင်။
သည် မြေ၊ ဘယ်သူ့မြေ
တို့မြေ။
တို့မြေ သာကြောင်း၊ ဘယ်သူလောင်း
ငါတို့ပြည်သူအပေါင်း။

**တင်မိုး**

✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။
၂။ ကူးရေးပါ။
၃။ ကဗျာအကြောင်းပြောပြပါ။

## မိုးခြိမ်းတာ ကြောက်တဲ့အမေ

ရှေးရှေးတုန်းက ရွာလေးတစ်ရွာမှာ သားအမိနှစ်ယောက်ရှိကြသတဲ့။ မိခင်အိုကြီးဟာ မျက်စိမမြင်ဘူး။ သားက တောင်ယာလုပ်ပြီး မျက်မမြင် မိခင်အိုကြီးကို စောင့်ရှောက်ပြုစု နေရသတဲ့။

မျက်မမြင် မိခင်ကြီးဟာ မိုးတွင်းအခါမှာ မိုးခြိမ်းသံကို ကြားရင် အလွန်ကြောက်သတဲ့။ ဒါကြောင့် သားဖြစ်သူဟာ မိုးတွင်းမှာ အဝေးကို သွားလို့မဖြစ်ဘူး။ မိခင်နဲ့ မနီးမဝေးမှာဘဲ အလုပ်လုပ်ရတယ်။ မိုးခြိမ်းတော့မယ်လို့ သိတာနဲ့ တစ်ပြိုင်နက်တည်း သားဟာ မိခင်အိုကြီး ရှိတဲ့ တဲပေါ်ပြေးတက်သွားပြီး ‘‘ အမေ မကြောက်နဲ့ သားအနားမှာ ရှိတယ်။ မိုးခြိမ်းတာ’’ လို့ပြောပြီး မိခင်အိုကြီးကို ဖက်ထားရတယ်။ ဒါမှ မိခင်အိုကြီးဟာ အကြောက်ပြေသတဲ့။

တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ မိုးတွေခြိမ်းတိုင်း သားဖြစ်သူဟာ မိခင်ကြီး အကြောက်ပြေအောင် နှစ်သိမ့်ရပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ မိခင်ကြီးနာမကျန်းဖြစ်တော့ သားဖြစ်သူဟာ အလွန်ပဲစိတ်ပူ ပါသတဲ့။ ဒါပေမဲ့ မိခင်အိုကြီးဟာ ရွာနဲ့သားကို ထားခဲ့ပြီး ကွယ်လွန်သွားရှာ သတဲ့ကွယ်။

သားဖြစ်သူဟာ မိခင်အလောင်းကို မြေမှာ မြှုပ်နှံလိုက်တယ်။ သူလုပ်တဲ့ ယာအနီးမှာ မိခင် ခေါင်းချရာ မြေမို့မို့ကလေးကို တစ်ချက် တစ်ချက် လှမ်းကြည့်ရင်း အလွမ်းဖြေရရှာသတဲ့။

မိုးတွင်းရောက်လို့ မိုးတွေခြိမ်းတော့ သားဖြစ်သူဟာ အပြေးအလွှား အမေ့မြေပုံရှိရာ မြေမို့မို့ရှိရာကို ပြေးသွားသတဲ့။



မိုးခြိမ်းသံတွေက တဒုန်းဒုန်း တဒိုင်းဒိုင်း လျှပ်ပြက်တဲ့ အရောင် တွေကလည်း တဝင်းဝင်း တလက်လက် သားဖြစ်သူဟာအမေ့မြေပုံကိုပွေ့ဖက်ပြီး –

‘‘ အမေ မကြောက်နဲ့၊ မကြောက်နဲ့နော်အမေ၊ သားအနားမှာ ရှိတယ်အမေ။ မကြောက်နဲ့တော့ အမေရယ် ’’ လို့ပြောလည်းပြော အသက်ရှင်စဉ်က အမေ့ဖြစ်အင်ကို တအောက်မေ့မေ့ဖြစ်ပြီး မျက်ရည်တွေ တသွင်သွင် မြေမို့မို့ပေါ်ကို စီးဆင်းသွားသတဲ့။ အမေ ကတော့ သားရဲ့ဖြစ်အင်ကို သိမှာမဟုတ်ဘူးလို့လည်း နှုတ်က ပြောရှာသတဲ့ကွယ်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ပုံပြင်အကြောင်း ပြန်ပြောပါ။

၃။ ဝါကျဖွဲ့ပြပါ။
စောင့်ရှောက်၊ မိုးခြိမ်း၊ မြှုပ်နှံ၊ နာမကျန်း၊ နှစ်သိမ့်။

၄။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) အမေဘာကို ကြောက်သနည်း။
(ခ) အမေကွယ်လွန်သောအခါ အမေ့အလောင်းကို မည်သည့်နေရာတွင် မြှုပ်နှံထားသနည်း။
(ဂ) မိုးခြိမ်းလျှင် သားဖြစ်သူက ဘာလုပ်ပါသနည်း။
(ဃ) သင်တို့ မိသားစုမှာ အသက်အရွယ်ကြီးသော ဘိုးဘွား တစ်ဦးဦး ရှိပါလား။ ထိုသူ စိတ်ချမ်းသာအောင် သင်ဘာလုပ်ပေးသနည်း။

NFPE

## ကြာအေး





မုန့်လုံး စက္ကူကပ်ပါလို့
ကြာကလပ်မှာ ဆွမ်းတော်တင်။
ပလ္လင်ပေါ်က မျောက်ကလေး
ဆင်းတယ်လို့ပြေး ကြာအေး။
ကြာအေးကို သူ့အမေရိုက်လို့
မောင်မိုက်မှာငို
ကိုလူပျို ထရံပေါက်က
ခြေထောက်ကိုဆွဲ တွဲလဲ။
တွဲလဲ နေပါဦး မိုးတောင်ကချွန်း မုန့်လုံး။



> ဦးကို /အုံး/ ဟုအသံထွက်ပါ။
> ကြာအေးကို /ဂျာအေး/ ဟု အသံထွက်ပါ။

ရှေးကဗျာ

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

NFPE

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ ဟန်အမူအရာဖြင့် ရွတ်ဆိုပါ။

၃။ အောက်ပါစကားလုံးများကို ကူးရေးပါ။
မုန့်လုံး၊ စက္ကူ၊ ကြာကလပ်၊ ဆွမ်းတော်တင်၊ ပလ္လင်၊ မောင်မိုက်၊ ခြေထောက်၊ မိုးတောင်ကချွန်း။

# ကျွန်တော်တို့၏ ရွာကလေး

ကျွန်တော်တို့၏ ရွာကလေးသည် အင်းတော်မြို့နယ် မော်လူးကျေးရွာဖြစ်ပါသည်။ မော်လူး ကျေးရွာသည် ကရင်ကျေးရွာ၊ အုန်းဒုတ်ကျေးရွာ၊ စီးမော်ကျေးရွာ၊ ဟဲနူကျေးရွာများဖြင့် နယ်ချင်းထိစပ်နေပါသည်။

ကျွန်တော်တို့ရွာကလေးသည် ၁၄၆ ဧက ကျယ်ဝန်းပါသည်။ ရပ်ကွက်ကြီး ၆ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၀ ရွာဖြင့် ဖွဲ့စည်းထားပါသည်။ လူဦးရေ ၃၆၆၀ ကျော် စုဝေးနေထိုင်ကြပါသည်။ ကျေးရွာသူရွာသားများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေး ဖြစ်ထွန်း၍စီးပွားရေးကောင်းပါသည်။ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး များမှာလည်း မြို့များနှင့်မခြား စည်ပင်ဖွံ့ဖြိုးလှပါသည်။

မော်လူးကျေးရွာတွင်(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံရှိပါသည်။ ကျေးရွာသူရွာသားများ၏ ကျန်းမာရေး အတွက် စိတ်အေးရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိပါသည်။ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်း၊ နှစ်ထပ်အဆောက်အအုံဖြစ်ပါသည်။ ကျောင်းသားဦးရေ ၂၀၀၀ ကျော်ကို ဆရာ၊ဆရာမ ၆၀ ခန့်ဖြင့် ပညာသင်ကြားပေးလျက်ရှိပါသည်။

မော်လူးအခြေခံပညာအထက်တန်းကျောင်းသည် ၂၀၀၉ ခုနှစ်တွင် ကသာခရိုင်၌ တက္ကသိုလ်ဝင်တန်း ပထမအောင်ချက်အကောင်းဆုံး ကျောင်းအဖြစ် သတ်မှတ်ခံရပါသည်။

မော်လူးကျေးရွာရေပေးဝေရေးအနေဖြင့် လမ်းတိုင်းတွင်အများသုံး ရေတိုင်၂၅တိုင်၊ အုတ်ရေကန် ငါးကန်၊ လက်နှိပ်တုံကင်တွင်း ၂၃၉ တွင်း တပ်ဆင်ပေးထားသဖြင့် ရေ အခက်အခဲမရှိပါ။



NFDE

မော်လူးကျေးရွာအမှတ်(၆)ရပ်ကွက်တွင် ''ပညာအလင်းစာကြည့်တိုက် နှင့် သုတဥယျာဉ်စာကြည့်တိုက်'' တို့ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ပညာအလင်းစာကြည့်တိုက်တွင် ကွန်ပျူတာခြောက်စုံ အသုံးပြု၍ ကွန်ပျူတာစိတ်ဝင်စားသောလူငယ်များအား လက်တွေ့အသုံးချ ကွန်ပျူတာဘာသာရပ်များကိုသင်ကြားပေးပါသည်။

သုတဥယျာဉ်စာကြည့်တိုက်တွင်လည်း သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်များ ၁၂၃၀ ထားရှိပါသည်။

ကျွန်တော်တို့မော်လူးကျေးရွာကလေးသည် မြို့ပြနှင့်မခြား စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ တိုးတက်လျက်ရှိသောစံပြကျေးရွာကလေး တစ်ရွာဖြစ်ပါသည်။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ မော်လူးကျေးရွာ၏ အကျယ်အဝန်းကေ ကိုပြောပါ။

၂။ ကျေးရွာနေ လူဦးရေမည်မျှရှိသနည်း။

၃။ ကျေးရွာသားတို့၏ အဓိကလုပ်ငန်းကိုပြောပါ။

၄။ ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိသလား။

၅။ အထက်တန်းကျောင်းတွင် ကျောင်းသားဦးရေမည်မျှရှိသနည်း။

# ရွှေစွန်ညို



ရွှေစွန်ညိုဘာကို လိုလို့ ဝဲပါတယ်၊
မထွေးလိုလို့ ဝဲပါတယ်။
မထွေးမပါ တို့ချည်းသာ၊
ပါပါလျက်သား နောက်ကထား။
မထွေးအသား ခါးလှတယ်၊
ချောင်းငယ်ရေနှင့် ဆေးပါ့မယ်။
ချောင်းငယ်ရေချမ်း နွေမှာခန်း၊
မြစ်ငယ်ရေနှင့် ဆေးပါ့မယ်။
မြစ်ငယ်ရေချမ်း နွေမှာခန်း၊
ပင်လယ်ရေနှင့် ဆေးပါ့မယ်။
ပင်လယ်ရေချမ်း နွေမှာ ခန်း၊
ပင်လယ်ရေ ဘယ်မခန်း၊
မထွေး အမိဖမ်း။

ရှေးကဗျာ



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ ကဗျာရွတ်ဆိုပြီး ကစားပါ။

၃။ ကူးရေးပါ။



NEPE





## ဦးသန့်နေအိမ် ပြတိုက်

ပြတိုက်ဆိုသည်မှာအများကြည့်ရှုလေ့လာဖွယ်ရာများကိုခင်းကျင်းပြသထားသောအဆောက်အအုံဖြစ်ပါသည်။ ယဉ်ကျေးမှုပြတိုက်၊ အနုပညာပြတိုက်၊ ပန်းချီပြတိုက်၊ သမိုင်းပြတိုက်၊ စစ်သမိုင်းပြတိုက်ဟူ၍အမျိုးမျိုးရှိပါသည်။

ထိုပြတိုက်အမျိုးမျိုးအနက်ဦးသန့်နေအိမ်ပြတိုက်လည်းတစ်ခုအပါအဝင်ဖြစ်ပါသည်။ ဦးသန့်နေအိမ်ပြတိုက်သည် ရန်ကုန်မြို့ အင်းလျားလမ်းမှဆင်းသွား၍ ပန်းဝါလမ်းအတိုင်းဝင်သွားပါက U Thant House ဦးသန့်အိမ်လမ်းညွှန်ဆိုင်းဘုတ်ကိုတွေ့နိုင်သည်။ ခြံနံပတ် ၃၁ တွင်ဦးသန့်နေအိမ်ပြတိုက်ကိုရောက်နိုင်ပါသည်။ ဦးသန့်ပြတိုက်သည် ဦးသန့်နေထိုင်ခဲ့သောခြံဝင်းထဲတွင်နှစ်ထပ်တိုက်ဖြစ်သည်။

ဦးသန့်ကို ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့၌ ဖွားမြင်ခဲ့သည်။ ပန်းတနော်အမျိုးသားအထက်တန်းကျောင်းနှင့် ရန်ကုန်ယူနီဗာစီတီကောလိပ်တွင်ပညာသင်ယူခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် ပန်းတနော် အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာအဖြစ်အမှုထမ်းခဲ့သည်။ အင်္ဂလိပ်မြန်မာဆရာဖြစ်သင်အထက်တန်းကျောင်းမှစာမေးပွဲအောင်ခဲ့ပြီးကျောင်းအုပ်ကြီးအဖြစ်အမှုထမ်းခဲ့သည်။ ဆရာကြီးဦးသန့်သည် တပည့်များကို လူတော်လူကောင်းဖြစ်အောင်ကြိုးစားဖို့ဆုံးမလေ့ရှိသည်။

ဦးသန့်သည်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ်သက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခဲ့သည်။ ကမ္ဘာ့ပြဿနာကြီးများကိုထူးထူးချွန်ချွန်ဖြေရှင်းနိုင်ခဲ့သောကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

၁၉၇၁ ခုနှစ်တွင်အငြိမ်းစားယူခဲ့သည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ (၂၅)ရက် အသက် (၆၅)နှစ်တွင်ကွယ်လွန်သည်။

ဦးသန့်သည် ကမ္ဘာကျော်မြန်မာနိုင်ငံ၏သားကောင်းရတနာတစ်ဦးဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

**လေ့ကျင့်ခန်း**

၁။ ပြတိုက်ဆိုသည်မှာအဘယ်နည်း။

၂။ ဦးသန့်နေအိမ်ပြတိုက်တည်နေရာကိုလမ်းညွှန်ပြပါ။

၃။ ဦးသန့်၏ဇာတိမြို့ကိုဖော်ပြရေးသားပါ။

၄။ ကျောင်းအုပ်ဆရာကြီးဦးသန့်၏ဆုံးမသြဝါဒကိုရေးပြပါ။

၅။ ဦးသန့်၏ကမ္ဘာကျော်ကြားသောဆောင်ရွက်ခြင်းအကြောင်းရေးသားပါ။





## ဥပုသ်စောင့်



ဆွမ်းအုပ်နီနီ၊ အမေရွက်လို့၊
နက်ဖြန်မနက်၊ ကျောင်းထွက်မယ်။
မောင်လည်းလိုက်မယ်၊ ချန်မထားနဲ့၊
အမေသွားတော့၊ ပျင်းလှတယ်။
ကျောင်းကြီးပေါ်မှာ၊ မောင်ငယ်ဆော့တော့။
ဘုန်းကြီးအော့လို့၊ ရိုက်လိမ့်မယ်။
မောင်မဆော့ပေါင်၊ စိပ်ပုတီးနဲ့၊
ဘုန်းတော်ကြီးလို၊ နေပါ့မယ်။
လိုက်မယ်၊ လိုက်မယ်။


**မင်းသုဝဏ်**

## လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ အမူအရာဖြင့် ရွတ်ဆိုပါ။

၃။ ကူးရေးပါ။



## စာဖတ်သော လယ်သမားလေး မောင်ဥက္ကာ

မောင်ဥက္ကာသည်မိတ္ထီလာမြို့နယ်ဝန်ဖင်းရွာဇာတိဖြစ်ပါသည်။ မွေးဖွားချိန်တွင် ဥက္ကာပုံကြီး တစ်လုံးဝင်းလက်သောအရောင်ဖြင့်ဖြတ်သွားလေသည်။ မိဘများကသားဖြစ်သူကို မောင်ဥက္ကာ ဟူ၍ အမည်ပေးခဲ့လေသည်။

မောင်ဥက္ကာသည်ရွာဦးကျောင်းဆရာတော်ထံတွင်ပညာသင်ယူလေသည်။ မိဘနှစ်ပါး ကွယ်လွန်သောအခါ မောင်ဥက္ကာသည်မိမိပိုင်လယ်မြေတွင် လယ်စိုက်ပျိုး၍အသက်မွေးလေ သည်။ မောင်ဥက္ကာသည်စာဖတ်ခြင်း၌ဝါသနာပါလှသည်။ လယ်နားချိန်များတွင် စာဖတ်လေ့ ရှိသည်။ စာဖတ်၍သိလာသောဗဟုသုတများကိုမှတ်သားစုဆောင်လေ့ရှိသည်။

စာပေအတိုအစများကိုလမ်းတွင်တွေ့ပါက ကောက်ယူသိမ်းထားလေ့ရှိသည်။ ကောင်း နိုးရာရာစာပေအတိုအထွာတို့ကိုအိမ်ခေါင်မိုးတွင်ညှပ်ထားလေ့ရှိသည်။ ရွာသူရွာသားများက မောင်ဥက္ကာကိုစာတိုင်ညိုဟူ၍ခေါ်လေ့ရှိကြသည်။ သုံးနှစ်သုံးမိုးကြာသောအခါအိမ်အမိုးတွင် စာတိုပေစများအလွန်များပြားနေတော့၏။ မောင်ညို၏အိမ်မိုးစာကြည့်တိုက်ကလေးဖြစ်နေသည်။

အရွယ်ရောက်သော်သူကြီးသမီးနှင့်အိမ်ထောင်ပြုလေသည်။ မောင်ဥက္ကာသည် နွားတစ်ရှဉ်း၊ လှည်းတစ်စီး၊ လယ်ကွက်သုံးကွက်နှင့်မျိုးစပါးလှည်းတစ်စီးကိုသူကြီးထံမှရခဲ့၍ အိမ်ခွဲနေလေသည်။

တစ်နေ့တွင်အင်းဝဘုရင်မင်းကြီးစွာစော်ကဲသည် ကန်ကျိုးပေါက်သဖြင့် မိတ္ထီလာသို့ ရောက်ရှိလာသည်။ ကန်ပေါင်ရိုးကိုအသစ်ဆည်ဖို့ရာ ကန်ပေါင်ပေါ်မှနတ်ကွန်းရွှေစင်ရုပ်တုကို တွေ့မြင်သည်။ မိတ္ထီလာမြို့ဝန်နှင့်သက်ရွယ်ကြီးသူများကိုမေးသော်လည်း မည်သူမျှမသိကြ။ ဝန်ဖင်းရွာသူကြီးသမက်စာတိုင်ညိုသိနိုင်ကြောင်းလျှောက်ထားရာ ညိုကိုဆင့်ခေါ်မေးလေသည်။

မောင်ညိုက ဤသို့မင်းကြီးအားလျှောက်ထားလေသည်။ ''နတ်ကွန်းမဟုတ်ပါ။ အနော်ရထာမင်းကြီး၏မိဖုရားစောခင်လှရုပ်တုဖြစ်ပါသည်။ မိဖုရားကွယ်လွန်၍ အနော်ရထာမင်း



က အလွန်ချစ်မြတ်နိုးတော်မူလှသဖြင့်မိဖုရားနှင့် ပုံစံတူရွှေစင်ရုပ်ကိုပြုလုပ်တော်မူပါသည်။ ရွှေစင်ရုပ်အစစ်ကို အဆောင်အောက်တွင်မြှုပ်၍ ရွှေစင်ရုပ်တုကို အဆောင်ပေါ်တွင်ထားရှိရာ လူအများက နတ်ကွန်းအမှတ်နှင့်ပူဇော်ပသခြင်း ဖြစ်ကြောင်း လျှောက်ထားလေသည်။

မင်းကြီးစွာစော်ကဲသည် နတ်ကွန်းနေရာကိုတူးဖော်စေရာ ရွှေစင်ရုပ်တုအစစ်ကို တွေ့မြင်ရလေသည်။ မင်းကြီးစွာစော်ကဲသည် ဤသူငယ်ကားအသက်ပင်ငယ်သော်လည်း ဉာဏ်ပညာကြီးလှသည်ဟုချီးကျူးလျက် အင်းဝရွှေနန်းတော်တွင်ခစားရန်ခေါ်ဆောင်တော်မူသည်။

မောင်ညိုကို စည်းတပစ်အမတ်ရာထူး ပေးသနားချီးမြှင့်တော်မူသည်။ ဝန်ဇင်းမင်းရာဇာဘွဲ့ဖြင့်အကြီးတော်မင်းဟူသော ရာထူးကိုလည်း ပေးတော်မူသည်။ ဝန်ဇင်းမင်းရာဇာအမတ်ကြီးသည် ဆင်ဖြူရှင်တရာဖျားနှင့် အင်းဝမင်းခေါင်အထိ ပညာရှိအမတ်ကြီးအဖြစ်အမှုတော်ထမ်းရလေသည်။

ဇာတိဝန်ဇင်းရွာရှိမိမိ၏အိမ်ကုန်းနေရာတွင်ရွှေစည်းခုံစေတီတော်ကိုတည်ခဲ့လေ သည်။ ကျေးတောသားလယ်သမားဘဝမှပညာရှိအမတ်ကြီးဖြစ်ရသည်မှာစာဖတ်ခြင်း၏အကျိုးကျေးဇူးပင်ဖြစ်လေသည်။ ထွန်တုံးမှထိပ်ဆုံးသို့ဟုမြန်မာတို့ဆိုရိုးစကားသည် မောင်ဥက္ကာကို ရည်စူး၍ ပြောဆိုခြင်းဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ မောင်ဥက္ကာ၏အကြောင်းအကျဉ်းချုပ်၍ပြောပြပါ။

၃။ မောင်ဥက္ကာကိုစာတိုင်ညိုဟုအဘယ်ကြောင့်ခေါ်ကြသနည်း။

၄။ စာဖတ်ခြင်း၏အကျိုးကြီးမားပုံကိုပြောပြပါ။



## ဝက်ပါ

အေးရိပ်သာတဲ့ ပြည်ညောင်ညို
ဥသြ တွန်သံချို။
ဒိုးယိုစီးတဲ့ နဒီတွင်း၊
သမင်ရေသောက်ဆင်း။
မြက်ခင်းလဲ့လဲ့ မြေညီညီ၊
ကုံ့ကော်ဝတ်မှုန် စီ။
ဓာလီပျော်တဲ့ ကျောင်းသခ်မ်း၊
လူလေး သွားချင်စမ်း။

**မင်းသုဝဏ်**


✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ ကူးရေးပါ။

၃။ ကဗျာအကြောင်း ပြောပြပါ။



## တို့ရွာတို့ကျောင်း

နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသတစ်ခုဖြစ်သော မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုံးလေး ကျေးရွာတွင် ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံတကာ ကလေးများ ရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ ပညာရေး ဝန်ကြီးဌာနတို့ပူးပေါင်းလျက် ကလေးများအတွက် ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်း သည်။

မုန်တိုင်းဒဏ်၊ ငလျင်ဒဏ် ခံနိုင်သော ကျောင်းဆောင်ဖြစ်သည်။ ကျောင်းသစ်ကို ရေလွတ်နိုင်ရန် မြေပြင်မှ အမြင့် ၁၁ ပေ ထားရှိပြီး တည်ဆောက်ထားသည်။ ပေ ၄၀ × ပေ ၃၀ စီရှိ ကျောင်းဆောင်သုံးဆောင်ကို တံတားများဖြင့် ချိတ်ဆက်ထားသည်။ လေပြင်း တိုက်ခတ်မှု တစ်နာရီမိုင် ၁၀၀ ခံနိုင်ရည်ရှိသော ကျောင်းဖြစ်သည်။

ကျောင်းသစ်တွင် ကျောင်းသားတစ်ရာ သင်ယူနိုင်သည်။ မိုးဒဏ် လေဒဏ် မုန်တိုင်းဒဏ် ခံနိုင်သော ကျောင်းဖြစ်၍ တပည့်ကလေးများ စိတ်ချမ်းသာစွာ ပျော်ပျော်ပါးပါး ပညာသင်ယူနိုင် ကြပါလိမ့်မည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ‘‘တို့ရွာတို့ကျောင်း’’ သင်ခန်းစာကို ဖတ်ပါ။

၂။ ကျောင်းဆောင်သစ်တစ်ဆောင်စီ၏ ပေအကျယ်အဝန်းကို ပြောပါ။

၃။ ကျောင်းသစ်သည် မည်သို့သော ဒဏ်များကို ခံနိုင်ရည်ရှိသနည်း။

၄။ ဤကျောင်းကို မည်သည့်အဖွဲ့အစည်းများက ဆောက်လုပ်လှူဒါန်း သနည်း။

၅။ ဤကျောင်းတည်ရှိသော ကျေးရွာအမည်ကို ပြောပါ။

၆။ သင်တို့တက်ရောက်နေသော ကျောင်းအကြောင်း စာကြောင်းရေ(၅)ကြောင်းခန့်ရေးပါ။

# စံပြကျေးရွာ

ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကြက်လျှာကျေးရွာသည် စံပြကျေးရွာဖြစ်ပါသည်။ ကြက်လျှာကျေးရွာတွင် အိမ်ခြေပေါင်း ၄၆၁ လုံးရှိပါသည်။ ရွာလမ်း ၂၀ ခန့်ရှိပါသည်။

ကြက်လျှာကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ရှိပါသည်။ မြေအကျယ် ပေ ၄၀၊ ပေ ၆၀ ရှိသော အကျယ်အဝန်းပေါ်၌ သပ်ရပ်စွာ တည်ဆောက်ထားပါသည်။

အလင်းရောင်စာကြည့်တိုက်တည်နေရာမှာ ရောဝတီလမ်းနှင့် ကျွန်းပြသသဒ်လမ်းထောင့်၌ တည်ရှိသည်။ သွားရေးလာရေးလွယ်ကူသောနေရာတွင်စာကြည့်တိုက်တည်ရှိပါသည်။

အလင်းရောင်စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၄၀၀ ကျော်ခန့်ရှိပါသည်။ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ၊ သတင်းစာများနှင့် သမိုင်းစာအုပ်များ ဖြစ်သည်။ ထိုစာအုပ်များမှာ ကျေးရွာက လှူဒါန်းထားသော စာနယ်ဇင်းများဖြစ်ပါသည်။

အလင်းရောင်စာကြည့်တိုက်တွင် စာအုပ်ဗီရို၊ စာအုပ်စင်၊ စာကြည့်စားပွဲရှည်များ ခင်းကျင်းထားသည်။ စာကြည့်တိုက်နံရံများ၌ ကျန်းမာရေးအသိပညာပေးချက်များ၊ အိမ်သာအဆင်းတွင် လက်ဆေးရန်သတိပေးချက်များကို ရုပ်ပုံကားချပ်များနှင့်တကွ ချိတ်ဆွဲထားသည်။

စာကြည့်တိုက်သို့ နေ့စဉ်လာရောက်ငှားဖတ်သူ ၂၀ ခန့်ရှိသည်။ အလင်းရောင်စာကြည့်တိုက်သို့ အနီးပတ်ဝန်းကျင်ကျေးရွာများမှလည်း လာရောက်ဖတ်ရှုကြသည်။ ငှားရမ်းကြသည်။ စာကြည့်တိုက်ဖွင့်ချိန်မှာ နေ့စဉ် မွန်းလွဲ ၂ နာရီ မှ ည ၇ နာရီအထိဖြစ်သည်။

ကြက်လျှာစံပြကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်သည် ကျေးရွာသူကျေးရွာသားများ ပညာဗဟုသုတ တိုးပွားရန် ပညာဉာဏ်ဖြန့်ချိရာ ဌာနတစ်ခုဖြစ်ပါသည်။ အလင်းရောင်စာကြည့်တိုက်သည် ကြက်လျှာကျေးရွာ၏ ဂုဏ်ဆောင်ဌာနလည်း ဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧



ကြက်လျှာစံပြကျေးရွာ အလင်းရောင်စာကြည့်တိုက်အတွင်း စာအုပ်များလာရောက်ဖတ်ရှု လေ့လာနေကြ သူများကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ အလင်းရောင်စာကြည့်တိုက်တွင် စာအုပ်ပေါင်း မည်မျှရှိသနည်း။

၃။ သင်တို့ကျေးရွာတွင် စာကြည့်တိုက်ရှိပါသလား။ စာကြည့်တိုက်အမည်ကို ပြောပြပါ။

၄။ စာကြည့်တိုက်ရှိခြင်းကြောင့် သင်တို့အတွက် မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း။

၅။ စံပြကျေးရွာတစ်ရွာဖြစ်ရန် စာကြည့်တိုက်အပြင် မည်သည့်အချက်များနှင့်ပြည့်စုံသင့်ပါသနည်း။ သင်၏ထင်မြင်ချက်ကိုဖော်ပြပါ။

NFPE



## ပန်းသည်

မောင်လေးရေ ထပါတော့၊
ရောင်နီ လာလှပေါ့။
တစ်ကျော့ နှစ်ကျော့ တေးကိုသီ၊
ငှက်ကျား နှုတ်ပလီ။
တောင်ဆီနားက ခရေပန်း၊
ပင်အောက် ကြိုင်လို့လန်း။
ဗန်းလေးယူခဲ့ မောင်လေးရယ်၊
သွားကောက်ချေစို့ကွယ်။
ပန်းသည် လုပ်စို့ – တပြုံးပြုံး
ပန်းတွေ – တစ်ကုံးကုံး။

**မင်းသုဝဏ်**

✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ အမူအရာဖြင့် ရွတ်ဆိုပါ။

၃။ ကူးရေးပါ။

# သားလိမ္မာနဲ့ ယုန်ကလေး

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မိခင်အိုနဲ့ သားနှစ်ယောက်ရှိကြသတဲ့ကွယ်။ တစ်နေ့မှာ မိခင်အိုကြီးဟာ ဖျားနာပြီး ရောဂါလည်း အလွန်ပြင်းထန်သတဲ့။ သားနှစ်ယောက်ဟာမိခင်ကြီး အတွက် အလွန်စိုးရိမ်ပူပန်ကြသတဲ့။ ဆေးဆရာကို အမြန်ခေါ်ပြီး မိခင်ကြီး ကျန်းမာအောင် ကုသကြသတဲ့။ ဆေးဆရာကြီးက '' အမောင်တို့ ယုန်သားကျွေးလိုက်ရင် မိခင်ကြီးရဲ့ရောဂါ တစ်ခဏအတွင်း ပျောက်လိမ့်မယ်၊ ယုန်အရှင်ကို ဖမ်းခဲ့ပါ'' လို့ မှာကြားသတဲ့။

အစ်ကိုဖြစ်သူက '' ကဲ ညီလေး တောထဲကိုသွား၊ ယုန်ထောင်ပြီး ယုန်သားရအောင် ရှာဖွေခဲ့ပါ'' လို့ မှာလိုက်တယ်။ ညီငယ်ဟာလည်း အစ်ကိုကြီး မှာကြားတဲ့အတိုင်း ယုန်ဖမ်းဖို့ တောထဲကို ထွက်ခဲ့သတဲ့။ တောစပ်ကို ရောက်တော့ ညီငယ်ဟာ ယုန်ကလေးတစ်ကောင်ကို တွေ့လိုက်သတဲ့။

ယုန်ကလေးဟာ ရွက်နုကလေးတွေစားနေသတဲ့။ ညီငယ်ကိုလည်းမြင်ရော ရွက်နုစား နေတဲ့ ယုန်ကလေးဟာ ကြောက်လန့်ပြီး တစ်ဟုန်ထိုး ထွက်ပြေးပါလေရောတဲ့ကွယ်။ ဒါပေမဲ့ ကံမကောင်းတဲ့ ယုန်ကလေးဟာ နွယ်ပင်နဲ့ငြိပြီး မပြေးနိုင်တော့ဘူး။ ညီငယ်ဟာ အပြေး လိုက်လာပြီး နွယ်မှာ ငြိနေတဲ့ ယုန်ကလေးကို ကောက်ယူဖမ်းလိုက်သတဲ့။ ညီငယ်ရဲ့ လက်ထဲ ရောက်နေတဲ့ ယုန်ကလေးဟာ ကြောက်ရှာလွန်းလို့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ ရှာတယ်။ မျက်လုံးကလေး တွေကလည်း ရီဝေနေရှာတယ်။ ညီငယ်ဟာ သူ့လက်တွင်း ရောက်နေတဲ့ ယုန်ကလေးရဲ့ ဖြစ်အင်ကို ကြည့်ပြီး သနားသွားမိတယ်။ ယုန်ကလေးခမျာ သေရမှာ ကြောက်ရှာလွန်းလို့ တုန်နေတာပဲ။ ငါလည်း သေရမှာ ကြောက်တာပဲ၊ ငါ့မိခင်လည်း သေရမှာ ကြောက်တာပဲ၊ ငါ့မိခင် အသက်မသေအောင် ယုန်ကလေးရဲ့အသက်ကို သတ်ရမယ် ဆိုတာ မတရားဘူးလို့ စိတ်ကူးမိပြီး ယုန်ကလေးကို တောထဲသို့ ပြန်လွှတ်ပေးလိုက်သတဲ့။ ယုန်ကလေးဟာ ဝမ်းသားအားရနဲ့ တောစပ်ထဲကို ပြေးလွှားသွားသတဲ့ကွယ်။



ညီငယ်အိမ်ရောက်တော့ အစ်ကိုကြီးက '' ယုန်ပါသလား '' လို့ မေးလိုက်သတဲ့။ ညီငယ်က ယုန်ကလေးကို သနားလို့ ပြန်လွှတ်လိုက်တယ်လို့ ပြောသတဲ့။

အစ်ကိုကြီးက ညီငယ်ကို ''မိခင်ကို မသနားဘူး'' လို့ ကြိမ်းမောင်းပြောဆိုသတဲ့။ မိခင်ကြီးက ''မဆူပါနဲ့ သားကြီးရယ်။ မင်းရဲ့ညီငယ် မှန်ပါတယ်။ သူ့အသက် သတ်တာ မကောင်းဘူး'' လို့ ဆုံးမသတဲ့။

ညီငယ်က ''ကျွန်တော်ဟာ သိတတ်တဲ့အရွယ်ကစပြီး သူတစ်ပါးအသက်ကို မသတ်ခဲ့ပါဘူး။ ဤစကားမှန်လျှင် မိခင်ကြီးရဲ့ရောဂါ ပျောက်ကင်းပါစေသား'' လို့ သစ္စာဆိုလိုက်သတဲ့။

အဲဒီသစ္စာစကားကြောင့် နာမကျန်းဖြစ်နေတဲ့ မိခင်ကြီးဟာ ချက်ချင်းပဲ ကျန်းမာရွှင်လန်းပြီး နေကောင်းသွားသတဲ့ကွယ်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ပုံပြင်အကြောင်း ပြောပြပါ။

၃။ ဝါကျဖွဲ့ပြပါ။
ဖျားနာ၊ တစ်ဟုန်ထိုး၊ တုန်တုန်ယင်ယင်၊ စိတ်ကူး၊ ဆုံးမ။

၄။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) ဆေးဆရာက ညီအစ်ကို နှစ်ယောက်ကို မည်သို့ ပြောသနည်း။
(ခ) အဖမ်းခံရသော ယုန်ကလေး မည်သို့ ဖြစ်နေပါသနည်း။
(ဂ) ညီငယ်သည် ယုန်ကလေးကို ကြည့်ပြီး မည်သို့ ခံစားရသနည်း။
(ဃ) ညီငယ်က မည်သို့ သစ္စာဆိုသနည်း။

၅။ သားလိမ္မာ၊သမီးလိမ္မာတစ်ယောက်ဖြစ်အောင် သင်ဘာတွေလုပ်မလဲ။ စာကြောင်းရေ (၅) ကြောင်းခန့်ရေးပါ။

NFPE



ဗိုလ်ချုပ်အောင်ဆန်း၊ မိခင်ဒေါ်စု၊ ဇနီးဒေါ်ခင်ကြည်၊ သားအောင်ဆန်းဦး၊
အောင်ဆန်းလင်း နှင့်သမီးငယ်အောင်ဆန်းစုကြည်။
✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## အောင်ဆန်းဇာနည်

ဗိုလ်ချုပ်အောင်ဆန်း
ဖေဖော်ဝါရီဆယ့်သုံးမှာ
ဗိုလ်ချုပ်မွေးနေ့ပါ။
တစ်ထောင်ကိုးရာတစ်ဆယ့်ငါး
ရှေ့နေဦးဖာသား။
ဇာတိနတ်မောက်မကွေးခရိုင်
သိကြများခုတိုင်။
ကြံ့ကြံ့ခိုင်တဲ့ဇာနည်ဘွား
မိခင်ဒေါ်စုသား။
တစ်ထောင်ကိုးရာလေးဆယ့်ခွန်
ပြောင်းကြွတမလွန်။
မျက်ရည်သွန်လို့ဘဝင်ညှိုး
ဇူလိုင်တစ်ဆယ့်ကိုး။
ပြည်ထောင်စုရဲ့ကျေးဇူးရှင်
ဗိုလ်ချုပ်တို့ဖခင်။
ကောင်းစေချင်တဲ့မှာစကား
ငါတို့မမေ့အား။



ပြည်ထောင်လွတ်ရေး
ကြိုးပမ်းအောင်
ပြည်ချစ်တို့ခေါင်းဆောင်။
ဆိုရှယ်လစ်ဘောင်လမ်းစဉ်များ
ဗိုလ်ချုပ်ချမှတ်သွား။

## လေ့ကျင့်ခန်း

၁။ ဗိုလ်ချုပ်အောင်ဆန်း၏မွေးဖွားရာအရပ်ဒေသကိုရေးပါ။

၂။ ဗိုလ်ချုပ်အောင်ဆန်း၏မွေးသက္ကရာဇ်ကိုရေးပါ။

၃။ ဗိုလ်ချုပ်အောင်ဆန်း၏မိခင်နှင့်ဖခင်တို့၏အမည်များကိုရေးပါ။

၄။ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်သောရက်စွဲကိုရေးပါ။

၅။ ပြည်ထောင်စုကြီးလွတ်လပ်ရေးရအောင်ကြိုးစားခဲ့သောအာဇာနည်၏အမည်ကို ရေးပါ။

၆။ ဗိုလ်ချုပ်အောင်ဆန်းကကျွန်ုပ်တို့ကိုမည်သို့မှာကြားခဲ့သနည်း။

၇။ အောက်ပါစကားလုံးများ၏အဓိပ္ပာယ်ကိုရေးပါ။

(က) ဇာတိ
(ခ) ဇာနည်
(ဂ) ပြောင်းကြွတမလွန်
(ဃ) မျက်ရည်သွန်
(င) ဘဝင်ညို့

၈။ အောင်ဆန်းဇာနည်ကဗျာကိုသံပြိုင်ရွတ်ဆိုပါ။

၉။ သင်မှတ်မိသမျှဗိုလ်ချုပ်အောင်ဆန်းအကြောင်းပြောပြပါ။

# ပိုနေမြဲ ကျားနေမြဲ

ရှေးအခါက ရွာတစ်ရွာတွင် မောင်ပိုအမည်ရှိသော လူငယ်တစ်ဦး ရှိလေသည်။ မောင်ပိုသည် နေ့စဉ် တောသို့သွားရာ တိရစ္ဆာန်ကလေးများနှင့် ခင်မင်ကျွမ်းဝင်လေသည်။ အထူးသဖြင့် ကျားတစ်ကောင်နှင့် ခင်မင်အကျွမ်းဝင်၍ မိတ်ဆွေဖြစ်လေသည်။ သို့ရာတွင် ကျားသည် အကြံသမားဖြစ်သည်။ ရွာထဲက ကျွဲ၊ နွားတို့ကို ဖမ်းစားလိုသည်။ ထို့ကြောင့် တစ်နေ့တွင် မောင်ပိုကို သူ့အား ရွာအနီးသို့ခေါ်ပါရန် တောင်းပန်သည်။ မောင်ပိုက အန္တရာယ်ရှိကြောင်း ပြောဆိုကန့်ကွက်လေသည်။

ကျားသည် မောင်ပို၏ပြောစကားကို မနာယူဘဲ ရွာစွန်ရွာဖျားသို့ ချဉ်းကပ်၍ နွားကို ဖမ်းယူသတ်စားလေသည်။ ရွာသားတို့သည် ကျားကိုဖမ်းရန် ထောင်ချောက်ထောင်ထားလေသည်။ ကျားသည် တစ်နေ့တွင် ထောင်ချောက်၌ မိသွားလေသည်။ ရွာသားတို့က ကျားကို အစာငတ်ထား၍ သေရန် ထောင်ချောက်တွင် မိလျက်သားထားခဲ့ကြသည်။

မောင်ပိုသည် အစာရေစာငတ်၍ ဒုက္ခရောက်နေသောမိတ်ဆွေကျားကို သနား၍ လွှတ်လိုက်လေသည်။ ကျားထောင်ချောက်မှ လွတ်သောအခါ အစာမစားရသည်မှာ ကြာလှပြီဖြစ်သောကြောင့် မောင်ပိုကို ကိုက်စားရန်ကြံလေသည်။ မောင်ပိုက သူသည် ကျေးဇူးရှင်ဖြစ်၍ မစားရန်ပြောလေသည်။ ကျားက ကျေးဇူးတရားဆိုသည်မှာ မရှိဟုပြောသည်။ ဤသို့ဖြင့် စားသင့်၊ မစားသင့် ကျေးဇူးတရားရှိ သည်၊ မရှိ ဟူ၍ ငြင်းခုံလျက်နောက်ဆုံး သူတို့၏အမှုကို အဆုံးအဖြတ်ပေးရန် တရားသူကြီးရှာကြ၏။ လမ်းခရီးတွင် နွားခေါင်းရိုးတစ်ခုကိုတွေ့၍ မောင်ပိုနှင့် ကျားတို့က သူတို့၏အမှုအခင်းကိုပြောပြသည်။ နွားခေါင်းရိုးက ''လောကတွင် ကျေးဇူးတရားဆိုသည်မှာ မရှိ၊ လူတို့သည် ကျွဲ၊ နွားတို့ ကို ခိုင်းတတ်ကြသော်လည်း အိုမင်းမစွမ်းရှိသောအခါ သတ်၍စားတတ်ကြသည်။ ကျေးဇူးတရားဆိုသည်မှာ မရှိ'' ဟုဆုံးဖြတ်ပးလိုက်သည်။ ကျားက မောင်ပိုကို ကိုက်စားမည်ပြုသောအခါ မောင်ပိုကတောင်းပန်၍ သူတို့အမှုကို အဆုံးအဖြတ်ပေးနိုင်သူကို ရှာကြလေသည်။

မောင်ပိုနှင့် ကျားတို့သည် ညောင်ပင်ကြီးကိုတွေ့ကြ၍ သူတို့၏အမှုအခင်းကို ပြောပြကြသည်။ ညောင်ပင်က''ကျားပြောသည်မှာ မှန်၏။ ကျေးဇူးတရားဆိုသည်မှာ မရှိ။ လူတို့သည် နွေအခါတွင် ညောင်ပင်၏အောက်တွင် ခိုနားကြသည်။ သို့ရာတွင် နားခိုပြီးသောအခါ အခက်အကိုင်းတို့ကို ချိုးတတ်ကြသည်။ အရိပ်ခို၍ အခက်ချိုးတတ်ကြသည်။ ကျေးဇူးတရား မသိကြ။ ထို့ကြောင့် ကျားသည် မောင်ပိုကို ကျေးဇူးတင်ရန် အကြောင်းမရှိ။ ကိုက်စားသင့်သည်''ဟု အဆုံးအဖြတ်ပေးလေသည်။ မောင်ပိုက ကျားကို တောင်းပန်ပြန်၍ နောက်ဆုံးအခွင့်အရေးပေးကာ တရားသူကြီးကို ရှာကြ၏။ ယုန်ပညာရှိနှင့် လမ်းတွင်တွေ့ဆုံကြ၍ မောင်ပိုနှင့်ကျားတို့က သူတို့၏အမှုအခင်းကိုပြောပြ၏။ ယုန်က မောင်ပိုနှင့်ကျားတို့၏ စကားကိုနားထောင်ပြီး၍ အခင်းဖြစ်ပွားရာနေရာသို့ပြရန် ပြော၏။ ထို့ကြောင့် မောင်ပိုနှင့်ကျားသည် ရွာဘေးရှိ ထောင်ချောက်ရှိရာနေရာသို့ ယုန်ကိုခေါ်သွား ကြသည်။ ထောင်ချောက်ကိုတွေ့သောအခါ ယုန်က ''ကျားက ဘယ်နေရာမှာ

ရှိသလဲ၊ မောင်ပိုက ဘယ်နေရာမှာရှိသလဲ၊ အတိအကျပြပါ'' ဟုဆိုသည်။ ကျားသည် ထောင်ချောက်တွင်ဝင်၍နေပြသည်။ မောင်ပိုကို ထောင်ချောက်ကိုပိတ်ပြရန် ယုန်ကအမိန့်ပေးသည်။ မောင်ပို ထောင်ချောက်ကို ပိတ်လိုက်သောအခါ ''ပြန်မဖွင့်နဲ့တော့''ဟု အော်ပြော၍ ''ယခု အမှုအခင်းပြဿနာမှာ ရှင်းသွားပါပြီ၊ ကျားလည်း သူ့မူလနေရာမှာ နေမြဲနေပြီ၊ မောင်ပိုလည်း သူ့မူလနေရာမှာ နေမြဲနေပြီ''ဟု အဆုံးအဖြတ်ပေးလိုက်သည်။ ယုန်လည်းတောထဲသို့ ဝင်လေသည်။ မောင်ပိုလည်းရွာသို့ပြန်လေသည်။ ကျားလည်း အစာငတ်၍သေလေသည်။

ဤပုံပြင်ကိုထောက်၍ လူကြီးသူမတို့စကားဆိုရာတွင် ''ပိုနေမြဲ ကျားနေမြဲ'' ဟူ၍ ဆိုရိုးစကားပြုကြလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ပုံပြင်အကြောင်းပြန်ပြောပါ။

၃။ ဝါကျဖွဲ့ပြပါ။
ချဉ်းကပ်၊ အကျွမ်းဝင်၊ ထောင်ချောက်၊ အမှုအခင်း၊ ပြဿနာ

၄။ အောက်ပါမေးခွန်းများကိုဖြေပါ။
(က) ကျားသည် မောင်ပိုကိုမိတ်ဆွေဖွဲ့သည်မှာ အဘယ်ကြောင့်ဟု သင်ထင်သနည်း။
(ခ) အမှုအခင်းဆုံးဖြတ်ပေးသူ ဘယ်နှဦးရှိသနည်း။ မည်သူ၏ ဆုံးဖြတ်ချက်သည် အမှန်ကန်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။
(ဂ) သင်သာ မောင်ပိုဖြစ်ခဲ့သော် ကျားကဲ့သို့တိရစ္ဆာန်ကိုမိတ်ဆွေအဖြစ်ဆက်ဆံမည်လား။ အဘယ်ကြောင့်နည်း။



NFPE

## အများအကျိုး ကိုယ့်အကျိုး



မနီကလေးပန်းပန်ချင်
ပန်းဥယျာဉ်ကိုဝင်
ပန်းပန်ချင်ရင် ပန်းပင်ပျိုး
အများအကျိုး ကိုယ့်အကျိုး။

မနီကလေး ထမင်းဆာ
လယ်တောဆီကိုလာ
ထမင်းဆာရင် ကောက်ပင်ပျိုး
အများအကျိုး ကိုယ့်အကျိုး။

မနီကလေး ချွေးစိုစို
ဇရပ် ရိပ်မှာခို
နေခိုချင်ရင် ဇရပ်မိုး
အများအကျိုး ကိုယ့်အကျိုး

တင်မိုး

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။

၂။ ကဗျာအကြောင်းပြောပြပါ။



## မဟောသဓာ၏ ကစားရုံကြီး

မဟောသဓာသည်ဖွားမြင်စက အစွမ်းထက်သောဆေးတောင့်ကိုဆုပ်ကိုင်လျက်ဖွားမြင်လာသည်ကိုအစွဲပြု၍မိဘများကမဟောသဓာဟုအမည်မှည့်လေသည်။ မဟောသဓာ၏အဓိပ္ပာယ်မှာအစွမ်းထက်သောဆေးဟုဆိုလိုပါသည်။

မဟောသဓာဖွားစဉ်က ဖွားမြင်ခဲ့သည့်သူငယ်တစ်ထောင်လည်း ဖွားဖက်တော်များအဖြစ်မွေးဖွားခဲ့သည်။ မဟောသဓာသည် ဖွားဖက်တော်သူငယ်ချင်းတစ်ထောင်နှင့်တိုင်ပင်လျက်ကစားရုံကြီးတစ်ရုံဆောက်လုပ်ခဲ့လေသည်။ လက်သမားကိုမဟောသဓာကမည်သို့ဆောက်ရမည်ကိုစီမံအကြံပေးလေသည်။

ကစားရုံကြီးဟူ၍ဆိုသော်လည်းအခန်းများဖွဲ့စေရာတွင် ခိုကိုးရာမဲ့သူများတည်းခိုစခန်း၊ ခိုကိုးရာမဲ့မိန်းမများမီးဖွားရန်အခန်း၊ အာဂန္တုရဟန်းပုဏ္ဏားများတည်းခိုရန်အခန်း၊ လူညွှန့်သည်များတည်းခိုရန်အခန်း၊ ရပ်ဝေးကုန်သည်များကုန်ပစ္စည်းထားရန်အခန်းစသည်ဖြင့် အခန်းများဖွဲ့စနစ်တကျစီစဉ်ဆောက်လုပ်ထားလေသည်။ အလွန်ခမ်းနားကြီးကျယ်လှသောတည်းခိုရာဇရပ်ကြီးပမာဖြစ်နေသည်။

ဇရပ်ထဲတွင်တရားဆုံးဖြတ်ရာဌာနကိုလည်းစီမံထားလေသည်။ ပန်းချီဆရာကြီးများကို

ခေါ်၍ ပန်းချီကားများကိုစိတ်တိုင်းကျရေးဆွဲခိုင်းလေသည်။ ထိုဇရပ်၌ပင် ကစားကွင်းတစ်ခုကိုလည်းပြုလုပ်၍ထားသည်။

ကစားရုံကြီးအနီးတွင်အုတ်ရေကန်ကြီးကိုတူးထားလေသည်။ ရေကန်ထဲ၌ကြာမျိုးငါးပါးစိုက်၍ကန်ပေါင်၌ပန်းပင်သစ်ပင်များကိုစိုက်ထားလေသည်။ အရပ်တကာမှလူငယ်ပေါင်းများစွာတို့သည်လာရောက်ကြည့်ရှုကြလေသည်။

မဟောသဓာသတို့သားသည်ရောက်လာသမျှသောသူတို့၏အမှုကိစ္စများကိုတရား သဖြင့်ဆုံးဖြတ်ပေးလေသည်။ စာဆိုတော်ကြီးမင်းသုဝဏ်က ''ဆေးနှင့်မွေးလည်း ဆေးနှင့်မပျော်၊ မတ်မဟော်သည့် ပြည်တော်သာကြောင်းလုပ်ခဲ့သည်'' ဟူ၍ကဗျာဖွဲ့ဆို၍အများကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးဆောင်ရွက်သော မဟောသဓာကိုချီးကျူးဖွဲ့ဆိုဂုဏ်ပြုခဲ့လေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ မဟောသဓာဟူ၍ မိဘများကအဘယ်ကြောင့်မှည့်ခေါ်သနည်း။

၂။ မဟောသဓာနှင့်အတူမွေးဖွားခဲ့သူသူငယ်ပေါင်းမည်မျှရှိသနည်း။

၃။ မဟောသဓာဆောက်လုပ်သောကစားရုံကြီးတွင်မည်သို့သောအခန်းများဖွဲ့ထား သနည်း။

၄။ စာဆိုမင်းသုဝဏ်၏ကဗျာကိုကူးရေးပါ။

၅။ အများအကျိုးဆောင်သောမဟောသဓာအကြောင်းပြောပြပါ။

# စကားထာဝှက်ခြင်း

ရှေးအခါက ကျေးလက်တောရွာများတွင် လူငယ်မောင်မယ်များ စကားထာ ဝှက်တမ်းကစားလေ့ရှိကြသည်။ စကားထာဝှက်ခြင်းသည် ပညာစမ်းနည်း တစ်ရပ်ပင် ဖြစ်ပါသည်။ ဤတွင် စကားထာအချို့ကို တင်ပြထားပါသည်။

(၁) မဖွပ်ဘဲ ဖြူသည်
နတ် ပုဆိုး။
မလောင်းဘဲ ပြည့်သည်
နတ်ရေအိုး။

(၂) အသီးပေါ် အပင်ပေါက်
ခြေထောက်တစ်ချောင်းထောက်။

(၃) ဒိုက်ခုတ်တော့
အုတ်ပေါ်။
အုတ်ခုတ်တော့
ကြွေပေါ်။
ကြွေခုတ်တော့
ရေပေါ်။
ဘာသီးလဲနော်။

(၄) တစ်နှစ်တစ်ခါ
ပေါ်လို့လာ
ငါသည် မင်းလောင်း
ထီးဖြူဆောင်း။

(၅) ခေါင်းမြီးခြုံ
လုံပါပေ့။
ဆံမြိတ်ချ
လှပါပေ့။
ကျောက်တန်းစီ
ညီပါပေ့။


NFPE

(၆) ဆုပ်လျှင် စူး
နမ်းလျှင် မွှေး
စားလျှင် ရှူး။

(၇) ခေါင်းကြီးလို့ လည်သိမ်
ဖင်ပိန်တဲ့ ယောက်ျား။
မိုးပေါ်ပျံကာသွား
သိကြားလား နတ်လား။

(၈) ပန်းပြောက်ဝတ်လုံ
ကိုယ်လုံးခြုံ
ပုံတောင်သမား
ခြေနှင့်ကုပ်၍
နှုတ်နှင့်စား
များ သတ္တဝါ
ဖော်ကြပါ။

(၉) နတ်သမီးအိမ်တိုင်
ပိုးမဖောက်နိုင်
ဖောက်ပြန်သော်လည်း
တစ်ပေါက်တည်း။

(၁၀) မြေမှာ မသက်
ငှက်လည်း မဟုတ်
ရင်မှာထား
သားလည်း မဟုတ်
မုတ်ဆိတ်ဖွား
ကုလား မဟုတ်
အမြီးကောက်
မျောက်လည်းမဟုတ်
အသံသာ
ကညာမဟုတ်။

NFPE

(၁၁) နွားနို့ တစ်ပန်းကန်
တစ်ပြည်လုံး လျှံ။

စကားထာဝှက်ခြင်းသည် ဝှက်သူ၊ ဖြေသူတို့၏ စိတ်ကူး စိတ်သန်းကို ရွှင်လန်း ထက်မြက် စေပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ စကားထာအဖြေများကိုစဉ်းစားပါ။ အဖြေမှန်နှင့်တိုက်ကြည့်ပါ။
(အဖြေမှန်ကို နောက်ဆက် တွဲ၌ဖော်ပြထားသည်။)

၃။ အောက်ပါ မေးခွန်းများကို ဖြေပါ။
(က) စကားထာ ဆိုသည်မှာ အဘယ်နည်း။
(ခ) မည်သည့် စကားထာများဝှက်၍ အုန်းသီးအကြောင်းမေးနိုင်သနည်း။
(ဂ) ရေလယ်ကောင် သောင်ထွန်း
နတ်သမီးနေတဲ့ကျွန်း စကားထာ၏အဖြေကို ရေးပါ။
(ဃ) သင်သိသော အခြားစကားထာများကို ဖော်ပြပါ။

## ဆရာ့ ကျေးဇူး




- ဆရာပြ၍
  လှခဲ့ကြပြီ။

- ဆရာသင်၍
  ယဉ်ခဲ့ကြပြီ။

- ဆရာပြော၍
  ချောခဲ့ကြပြီ။

- တွေးကြည့်လေတိုင်း
  ရင်ဝယ်လှိုင်းက၊ နှိုင်းမရသည့်
  ဆရာ့ကျေးဇူး၊ ဂုဏ်အထူးသည်
  ဦးခိုက်မဝနိုင်ပါတကား။

**မောင်လင်းကြည်**

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

**လေ့ကျင့်ခန်း**

၁။ ရွတ်ဆိုပါ။

၂။ ကူးရေးပါ။

၃။ သင်တို့၏ ဆရာ၊ ဆရာမ များ၏ ကျေးဇူးကြီးမားပုံကိုဖော်ပြပါ။

## စည်းစိမ်ပျက်တတ်သော အချက်ခြောက်ချက်



(၁) သေရည်သေရက် သောက်လေ့ရှိသူသည် စည်းစိမ်ပျက်တတ်သည်။



(၂) အချိန်မဟုတ်အခါမဟုတ် ခရီးသွားလာလေ့ရှိသူသည် စည်းစိမ်ပျက်တတ်သည်။



(၃) ပွဲလမ်းသဘင်ကြည့်ရှုလေ့ရှိသူသည် စည်းစိမ်ပျက်တတ်သည်။



(၄) လောင်းကစားလေ့ရှိသူသည်စည်းစိမ်ပျက်တတ်သည်။



(၅) မကောင်းသော မိတ်ဆွေနှင့်ပေါင်းသူသည် စည်းစိမ်ပျက်တတ်သည်။

(၆) ပျင်းရိလေ့ရှိသူသည် စည်းစိမ်ပျက်တတ်သည်။



**သိင်္ဂါလောဝါဒဆုံးမစာ**

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ နံပါတ်စဉ် (၁) မှ (၆)အထိ ကူးရေးပါ။

၃။ စီးပွားတိုးတက်အောင် မည်သည်တို့ကို ရှောင်ရမည်နည်း။

NFPE

## တိုင်းရင်းသားရိုးရာအကများ



### ဗမာရိုးရာအက

ဗမာအမျိုးသားတို့၏ ထင်ရှားသော ရိုးရာအကများမှာ အိုးစည်အက၊ ဒိုးပတ်အက၊ ဦးရွှေရိုးအက၊ စည်တော်အကနှင့် သူငယ်တော်အကများ ဖြစ်သည်။

အိုးစည်၊ ဒိုးပတ်တို့ဖြင့် ကပြရသော ဦးရွှေရိုးအကသည် ရှင်မြူးဖွယ်ကောင်း၍ ရယ်ရွှင်ဖွယ်ကောင်းသည်။ ပုဆိုးအကွက်ကြားဝတ်ပြီး မျက်မှန်တပ်၍ ထီးဆောင်းလျက် ကရသော အကဖြစ်သည်။

စည်တော်အကမှာ ငြိမ့်ညောင်းသာယာလှပ၍ မင်္ဂလာရှိသည်။ ဦးခေါင်းတွင် နားပန်းဆံထားပြီး ရွှေဆွဲပြားကြီး၊ ရွှေခြေချင်းကြီးများကို ဝတ်ဆင်၍ ကခုန်ရသော သူငယ်တော်အကမှာ ချစ်စဖွယ်ဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ဗမာတို့၏ ထင်ရှားသော အကများကို ပြောပြပါ။

၃။ မည်သည့်အကကို သင်အနှစ်သက်ဆုံး ဖြစ်သည်ကို ပြောပြပါ။ ဘာကြောင့် နှစ်သက်သည်ကိုပြောပြပါ။

၄။ သင်သိသော ဗမာအကများရှိသေးလျှင် ဖော်ပြပါ။

၅။ ဝါကျဖွဲ့ပြပါ။
ထင်ရှား၊ ရှင်မြူးဖွယ်၊ ငြိမ့်ညောင်းသာယာ၊ နားပန်းဆံ၊ ချစ်စဖွယ်။



## ကရင်ရိုးရာအက

ကရင်အမျိုးသားတို့၏ ရိုးရာအကများမှာ ကရင်ဒုံးယိမ်းအက၊ ဝါးညှပ်အကနှင့် ဓားသိုင်းအကများဖြစ်သည်။

ဒုံးယိမ်းအကသည် ညီညီညာညာ တက်တက်ကြွကြွ ကခုန်ရသော အကမျိုးဖြစ်သည်။ ပျော်မြူးဖွယ်ကောင်းလှသောအက ဖြစ်ပါသည်။

ဝါးညှပ်အကသည် သိုင်းကွက်နင်း၍ ကပြရသော အကမျိုးဖြစ်သည်။ နှစ်သစ်ကူးချိန်တွင် ကပြလေ့ရှိသည်။

ဓားသိုင်းအကမှာ ဓားရေး၊ လှံရေး၊ ဟန်ရေးပြအကမျိုးဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ အောက်ပါ အကများကို ကူးရေးပါ။

ကရင်ဒုံးယိမ်းအက
ဝါးညှပ်အက
ဓားသိုင်းအက

၃။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) ဒုံးယိမ်းအကသည် မည်သို့ ကရသော အကဖြစ်သနည်း။
(ခ) ဝါးညှပ်အကကို မည်သည့်အချိန်မျိုးတွင် ကရသနည်း။

NFPE



## ရခိုင် ရိုးရာအက

ရခိုင်အမျိုးသားတို့၏ ထင်ရှားသော ရိုးရာအကများတွင် ဒုံးယိမ်းအက၊ သိုင်းအက၊ ပင့်ကူအက၊ ငစည်အက၊ သျှိုင်ဒိုင်အကနှင့်ရထားပန်းယိုင်အကတို့မှာ အထူးထင်ရှား သော အကများဖြစ်ပါသည်။ ဤအကများသည် ညီညာမှု၊ တင့်တယ်မှုတို့ကြောင့် အလွန်ကြည့်၍ ကောင်းလှသည်။ ကျော်ကြားသော တိုင်းရင်းသား အကများဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ဝါကျဖွဲ့ပါ။
ရိုးရာ၊ ညီညာမှု၊ ကျော်ကြား။

၃။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) ထင်ရှားသော ရခိုင်ရိုးရာအကများကို ဖော်ပြပါ။
(ခ) ရခိုင်ရိုးရာအကများသည် အဘယ်ကြောင့် ကြည့်၍ကောင်းသနည်း။

NFPE

# ရာဇကုမာရ် သားလိမ္မာ

ပုဂံနေပြည်တော် ဘုရင်မင်းမြတ် အနော်ရထာမင်းကြီး အမျက်တော်ရှ၍ ကျန်စစ်သားသည် ကြောင်ဖြူအရပ်သို့ ထွက်ပြေးတိမ်းရှောင်ရလေသည်။ ကြောင်ဖြူအရပ်သူ မထီးတူမ သမ္ဘူလနှင့် တွေ့ဆုံလျက် ချစ်ကျွမ်းဝင်လေသည်။ အနော်ရထာမင်း နတ်ရွာစံလွန်သော် သားတော် စောလူးမင်း နန်းတက်လေသည်။ စောလူးမင်းက ပြန်လည်ခေါ်ယူ၍ ကျန်စစ်သားသည် ပုဂံ နေပြည်တော်သို့ ပြန်လေသည်။ သမ္ဘူလအား သားယောက်ျားလေး မွေးဖွားသော် ပုဂံသို့ လိုက်လာရန် မှာကြားခဲ့လေသည်။

သမ္ဘူလ၌ သားယောက်ျားဖွားမြင်၍ သားငယ်ခုနစ်နှစ်သားအရွယ်တွင် ပုဂံသို့ လိုက်ခဲ့သည်။ ပုဂံနေပြည်တော်တွင် ကျန်စစ်သားမင်းပြုလျက်ရှိသည်။

ကျန်စစ်သားမင်းကြီးသည် သမ္ဘူလနှင့် သားတော်ကို တွေ့မြင်ရသောအခါ လွန်စွာဝမ်းမြောက်တော်မူသည်။ မှူးမတ်တို့အား '' ဤမိန်းမကျေးဇူးကား ကြီးမားလှသည်'' ဟူ၍ မိန့်တော်မူလေသည်။



မြစေတီကျောက်စာ (ရာဇကုမာရ်ကျောက်စာ)

သမ္ဘူလကို ဦးဆောက်ပန်းဟူ၍ ဘွဲ့မည်ပေးလျက် မိဖုရားမြှောက်လေသည်။ လက်ဝတ်တန်ဆာ ရတနာများနှင့် ကျွန်သုံးရွာပေးသနားတော် မူလေသည်။ သားတော် ရာဇကုမာရ်ကို ဇေယျခေတ္တရာဟူ၍ ဘွဲ့မည်ပေးတော်မူသည်။ ဓညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ကိုလည်း ပေးသနားတော်မူလေသည်။

မယ်တော်ဦးဆောက်ပန်း နတ်ရွာစံလွန်သော် ကျန်စစ်သားမင်းကြီးသည် လက်ဝတ်

ရတနာနှင့် ကျွန်သုံးရွာကို သားတော် ရာဇကုမာရ်အား ပေးသနားတော် မူလေသည်။

ပုဂံထီးနန်းကို အုပ်စိုး၍ နှစ်ဆယ့်ရှစ်နှစ်ကြာသော် ကျန်စစ်သားမင်းကြီးသည် မမာမကျန်း ဖြစ်တော်မူလေသည်။ ထိုအခါ သားတော် ရာဇကုမာရ်သည် ခမည်းတော်ကြီး၏ ကျေးဇူးကို အထူးအောက်မေ့သည်ဖြစ်ရာ အမွေရခဲ့သော လက်ဝတ်ရတနာများကို ထုခွဲရောင်းချ၍ ရွှေဆင်းတုတော် တစ်ဆူ သွန်းလုပ်လေသည်။ ထိုရွှေဆင်းတု ရုပ်ပွားတော်ကို ကျန်စစ်သား မင်းကြီးရှေ့တော်သို့ ပင့်ဆောင်လျက်

'' ခမည်းတော်အတွက် ကျွန်ုပ်သွန်းလုပ်ခဲ့ပါသည်။

ကျွန်သုံးရွာကိုလည်း ဤရွှေဆင်းတုအတွက် လှူဒါန်းပါသည်။''

ဟူ၍ လျှောက်ထားလေသည်။ ကျန်စစ်သားမင်းကြီးသည် သားတော်၏ စကားကို ကြားရသောအခါ လွန်စွာဝမ်းမြောက်ကြည်နူးလျက် သာဓုသုံးကြိမ်ခေါ်လေသည်။ ရာဇကုမာရ်မင်းသားသည် ပုဂံနေပြည်တော် မြင်းကပါအရပ်၌ ရွှေဆင်းတုတော်ကို ဌာပနာ၍ ဂူပြောက်ကြီးဘုရားကို တည်ထား ကိုးကွယ်သည်။ ဘခမည်းတော်ကျန်စစ်သားမင်းကြီး နတ်ရွာစံလွန်တော်မူသောအခါ သားတော် ရာဇကုမာရ်သည် ဤအဖြစ်အပျက်တို့ကို အမှတ်တရ ကျောက်စာရေးထိုးခဲ့သည်။

ရာဇကုမာရ်သည် မိဘတို့၏ ကျေးဇူးတရားကို သိတတ်သော သားလိမ္မာအဖြစ် သမိုင်းတွင်လေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများကို ကူးရေးပါ။

အနော်ရထာ၊ ကျန်စစ်သား၊ နေပြည်တော်၊ သမ္ဘူလ၊ ရာဇကုမာရ်၊ အမျက်တော်၊ တိမ်းရှောင်၊ ချစ်ကျွမ်းဝင်၊ လက်ဝတ်တန်ဆာ၊ ပေးသနားတော်မူ၊ ဂူပြောက်ကြီး၊ ကျေးဇူးတရား။

၂။ ရာဇကုမာရ်မင်းသား၏ အကြောင်းကို အကျဉ်းချုပ်၍ ပြောပြပါ။

၃။ သင့်မိဘ၏ ကျေးဇူးကို ဆပ်ရန် မည်သို့ စိတ်ကူးရှိပါသနည်း။



## ပုဂံခရီးသည်

ပုဂံမြေ
စေတီကကြာဖူး။
ထနောင်းပင် မြည်ုလိုရိပ်မှာ
မြင်းချိတ်ပါဦး။

ပုဂံပြည်
သာစည်ခဲ့ ဟိုရှေး
စည်ကြီး ပန်တျာနဲ့
အာနန္ဒာ သဗ္ဗညုမှာ
သာဓုသံ ကြွေး။

ပုဂံခွင်
ပန်ဆင်ခဲ့တရား။
စိတ်ဓာတ်ခိုင်ခိုင်နဲ့
နိုင်ငံကို တည်ထောင်စိုက်တယ်
သိုက်မြိုက်ခန့်ညား။

ပုဂံမှာ
မြန်မာတို့ ဉာဏ်စွမ်း။
ဗိသုကာ ပန်းချီတို့
ရှုမအီ ကြည်သိုလှဲ့ပါ့
တို့ရဲ့ ဘုံခန်း။

### လေ့ကျင့်ခန်း

**တင်မိုး**

၁။ ရွတ်ဆိုပါ။
၂။ ကဗျာအကြောင်းပြောပြပါ။
၃။ အောက်ပါစကားလုံးများကို ကူးရေးပါ။
ပန်တျာ၊ အာနန္ဒာ၊ သဗ္ဗညု၊ သာဓုသံ၊ ဗိသုကာ၊ ရှုမအီ

✧✧✧✧✧✧✧✧✧✧✧✧✧✧✧



NFE



## ကျေးညီနောင်

ရှေးရှေးတုန်းက လက်ပံပင်ကြီးတစ်ပင်ပေါ်မှာ ကျေးညီနောင်နေကြတယ်။ တစ်နေ့မှာ လေပြင်းမုန်တိုင်း တိုက်ခတ်လို့ လက်ပံပင်ပေါ်ကကျေးညီနောင် ဟာ လေမှာလွင့်ပါသွားသတဲ့။ ညီဖြစ်သူကျေးသားက သူခိုးများ နေတဲ့နေရာကို ရောက်သွားပါသတဲ့။ သူခိုးတွေက ကျေးသား ငှက်ငယ်ကို ကောက်ယူပြီး ကျွေးမွေးပြုစု ထားသတဲ့။

အစ်ကိုဖြစ်တဲ့ ကျေးသားကတော့ ရသေ့ကြီးနေတဲ့ ကျောင်းဝင်းထဲမှာ ကျသတဲ့။ ရသေ့ကြီး က ကျေးသားလေးကို ကောက်ယူပြီး ကျွေးမွေးပြုစုထားသတဲ့။

တစ်နေ့မှာ ရှင်ဘုရင်ကြီးတစ်ပါးဟာ တောကစားထွက်လာသတဲ့။ မောလို့ သူခိုးတွေနေတဲ့ရွာအနီးက သစ်ပင်တစ်ပင်ရဲ့ အရိပ်မှာ နားနေသတဲ့။ သူခိုးတွေ စောင့်ရှောက်ကျွေးထားတဲ့ ကျေးသား ဟာ ဘုရင်ကြီးကို မြင်တော့–

'' ဘုရင်ကြီးကိုသတ်ကြ၊ သူဝတ်ထားတဲ့ အဝတ်တွေကိုချွတ်ယူကြ '' လို့ အော်ဟစ်ပြောသတဲ့။ ငှက်ရဲ့ အော်သံကို ကြားတော့ ဘုရင်ကြီးဟာ ဒီနေရာမှာ နေလို့မဖြစ်ဘူး။ မြန်မြန် သွားမှပဲ ဆိုပြီး ထွက်ခွာသွားသတဲ့။

ဘုရင်ကြီးဟာ ရသေ့နေတဲ့နေရာကို ရောက်သွားပြန်သတဲ့။ ရသေ့ကြီး ကျွေးမွေးစောင့်ရှောက်ထားတဲ့ ကျေးသားလေးက ဘုရင်ကြီးကို မြင်တော့ '' အရှင်မင်းကြီး ကြွပါ။ အမော အပန်းဖြေပါ။ အေးမြတဲ့ ရေကိုသောက်ပါ။ ဤသစ်သီးကိုစားပါ '' လို့ပြောသတဲ့။

လိမ္မာလှတဲ့ ကျေးကလေးရဲ့ ယဉ်ကျေးလှပုံကို တွေ့ရတော့ ဘုရင်ကြီးက – '' အသင် ကျေးကလေး သင့်နဲ့မတွေ့ခင် ကျေးလေးတစ်ကောင်တွေ့ရတယ်။ သင်နဲ့မတူပါ။

သင်ကတော့ အလွန်ယဉ်ကျေးတယ်'' လို့ပြောလိုက်သတဲ့။

ဒီတော့ ကျေးကလေးက '' အရှင်မင်းကြီး၊ လမ်းမှာ တွေ့ခဲ့တဲ့ ကျေးဟာ ကျွန်တော်ရဲ့ ညီလေးဖြစ်ပါတယ်။ လေမုန်တိုင်း တိုက်လို့ ကျွန်တော်နဲ့ ညီလေး တကွဲစီ၊ တစ်နေရာစီ ရောက်သွား တာ ဖြစ်တော့ ညီလေးက ရိုင်းပါတယ်။ ဆရာရသေ့ထံရောက်တဲ့ ကျွန်တော်က ယဉ်ကျေးပါတယ်'' လို့ ပြောပြသတဲ့။ လူဆိုးနဲ့ အတူနေလို့ ရိုင်းပါတယ်။ ဆရာရသေ့နဲ့ အတူနေလို့ ယဉ်ကျေးလိမ္မာ ပါတယ်။ စကားပုံတွင် တံငါနားနီး တံငါ၊ မုဆိုးနားနီးမုဆိုး ဟူ၍ ဆိုရိုးရှိပါတယ်။ လူပေါင်းမမှားဖို့ သတိထားရမယ်။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ပုံပြင်အကြောင်းပြောပြပါ။

၃။ အောက်ပါစကားလုံးများကို ကူးရေးပါ။
ကျေးညီနောင်၊ လေပြင်းမုန်တိုင်း၊ ရသေ့ကြီး၊ သူခိုး၊ ရှင်ဘုရင်၊
တောကစား၊ ကျွေးမွေးစောင့်ရှောက်၊ ရိုင်းစိုင်း၊ ယဉ်ကျေး။

၄။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) ကျေးညီနောင်တို့ အဘယ်ကြောင့် ကွဲကွာသွားကြသနည်း။
(ခ) ကျေးညီနောင်တို့ကွဲကွာပြီး မည်သည့်နေရာသို့ ရောက်ရှိသွားကြသနည်း။
(ဂ) သူခိုးများ ကျွေးမွေးထားသော ကျေးသားသည် ဘုရင်ကြီးကို တွေ့သော အခါမည်သို့ပြောသနည်း။
(ဃ) ရသေ့ကြီး ကျွေးမွေးထားသော ကျေးသည် ဘုရင်ကြီးကို တွေ့သောအခါ မည်သို့ပြောသနည်း။
(င) ဤပုံပြင်မှ မည်သည့် သင်ခန်းစာရသနည်း။

၅။ မည်ကဲ့သို့သောသူကို မိတ်ဆွေဖွဲ့မည်နည်း။ စာကြောင်းရေငါးကြောင်းခန့်ဖော်ပြပါ။



## ကောင်းအောင် ကြိုးစားပါ

မိဘဆရာ
စကားနာ၍
ကျမ်းစာသိမြင်
တတ်အောင်သင်လော့။
ပေါ်လွင်မပြု
ကောင်းရာတုလျက်
ကောင်းမှု မြတ်နိုး
ကောင်းအောင် ကြိုး၍
ကောင်းကျိုး ကိုယ်၌ တည်စေမင်း။

လောကသာရ

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။
၂။ ကူးရေးပါ။
၃။ ကဗျာအကြောင်းပြောပြပါ။
၄။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) မိဘဆရာစကား နားထောင်လျှင် မည်ကဲ့သို့ အကျိုးရှိနိုင်ပါသနည်း။
(ခ) မိမိကိုယ်ကို ကောင်းအောင် မည်သို့ ဆောင်ရွက်မည်နည်း။



## သားထူး သားမြတ်

တစ်ခါတုန်းကသားလိမ္မာတစ်ယောက်ရှိပါတယ်။ သူ့အမည်က သုဝဏ္ဏသာမဖြစ်ပါတယ်။ သူ့အသားရောင်က ရွှေလိုဝင်းဝါပြီး လှပသတဲ့။ သုဝဏ္ဏသာမရဲ့ ဖခင်က ဒုကူလတဲ့။ မိခင်က ပါရိကာဖြစ်ပါတယ်။ သုဝဏ္ဏသာမရဲ့ မိဘနှစ်ပါးဟာ ရသေ့တွေ ဖြစ်ပါတယ်။ သစ်ရွက်တွေ မိုးကာထားတဲ့ ကျောင်းသင်္ခမ်းမှာ သုဝဏ္ဏသာမတို့ မိသားစုနေထိုင်ပါသတဲ့။ တဲအိမ်ကလေး အနီးမှာ မြစ်ရှိပါတယ်။ မိဂသမ္မတာမြစ်လို့ခေါ်ပါတယ်။

တစ်နေ့မှာ မိခင်နဲ့ဖခင်ဟာ သစ်ပင်မှာ သစ်သီးရှာဖွေဖို့ တောထဲကို သွားကြတယ်။ ညနေ အိမ်အပြန်မှာ မိုးကြီးရွာချပါသတဲ့။ သစ်ပင်အောက်က တောင်ပို့နားမှာဝင်ပြီး မိုးခို ကြသတဲ့။ တောင်ပို့ထဲက မြွေကြီးတစ်ကောင်ထွက်လာပြီး မှုတ်လိုက်သတဲ့။ ရသေ့နှစ်ဦးဟာ မျက်စိမမြင်တော့ဘဲ ဆင်းရဲဒုက္ခ ရောက်ရှာကြသတဲ့။ သုဝဏ္ဏသာမဟာ မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးသတဲ့။ မိဘများ လမ်းလျှောက်နိုင်ဖို့ ကြိုးတန်းတွေ လုပ်ပေးတယ်။

သားလိမ္မာဟာ အိပ်ရာကစောစောထတယ်။ တံမြက်လှည်းတယ်။ မြစ်ကို သွားပြီး ရေခပ်တယ်။ မိဘတွေကို သစ်သီးကျွေးတယ်။ မျက်မမြင် မိဘနှစ်ပါးကို နေ့စဉ်လုပ်ကျွေးသတဲ့။

တစ်နေ့မှာ ရှင်ဘုရင်ကြီးတစ်ပါးဟာ သမင်တွေခြံရံပြီး ရေခပ်လာတဲ့ သုဝဏ္ဏသာမကို မြင်တော့ မြားနဲ့ပစ်လိုက်သတဲ့။ သုဝဏ္ဏသာမ မြားထိမှန်ပြီး မြေပြင်သဲသောင်စပ်ပေါ်မှာ လဲကျသွားပါသတဲ့။



သွေးအိုင်ထဲလဲနေတဲ့ သုဝဏ္ဏသာမက – ''ဘုရင်ကြီး ကျွန်တော့်ကို ဘာဖြစ်လို့ မြားနဲ့ပစ်ရတာလဲ။ ကျွန်တော်ဟာ မျက်မမြင် မိဘ နှစ်ပါးကို လုပ်ကျွေးနေတာပါ။ '' လို့ ပြောရှာသတဲ့။

ဘုရင်ကြီးလည်း သုဝဏ္ဏသာမရဲ့ မိဘနှစ်ပါးကို သွားခေါ်လာသတဲ့။ မိဘနှစ်ပါးဟာ ဝမ်းနည်းလွန်းလို့ ငိုကြွေးကြသတဲ့။ မေ့မြောနေတဲ့ သားလိမ္မာအတွက် မိဘနှစ်ပါးဟာ သစ္စာစကားဆိုကြသတဲ့ –

'' ငါတို့သားဟာ လိမ္မာတယ်။ မိဘကိုလုပ်ကျွေးပါတယ်။ လူကြီးမိဘကို ရိုသေပါတယ်။ ငါတို့သားကို အလွန်ချစ်ပါတယ်။ '' လို့ သစ္စာဆိုကြတယ်။ မိဘများရဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမဟာ လဲရာကထလာသတဲ့။ '' မိဘကို လုပ်ကျွေးသူကို နတ်တွေက ဆေးကုကြတယ်။ လူတွေက ချီးမွမ်းကြပါတယ်'' လို့ ဘုရင်ကြီးကို ပြောလိုက်သတဲ့။ ဘုရင်ကြီးလည်း နောင်တကြီးစွာရပြီး သုဝဏ္ဏသာမ မိသားစုကို တောင်းပန်ပါသတဲ့။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ပုံပြင်အကြောင်းပြောပြပါ။

၃။ အောက်ပါစကားလုံးတို့ကို ကူးရေးပါ။
သုဝဏ္ဏသာမ၊ သားလိမ္မာ၊ ဒုကုလ၊ ပါရိကာ၊ ဆင်းရဲဒုက္ခ၊ မျက်မမြင်၊ ရှင်ဘုရင်၊ သစ္စာစကား။

၄။ အောက်ပါမေးခွန်းများကို ဖြေပါ။
(က) သုဝဏ္ဏသာမ ၏မိဘနှစ်ပါးသည် အဘယ်ကြောင့်မျက်စိကွယ်ခဲ့ရသနည်း။
(ခ) သုဝဏ္ဏသာမသည် မိဘကို မည်ကဲ့သို့ လုပ်ကျွေးခဲ့သနည်း။
(ဂ) သင့်မိဘများကို သင်မည်ကဲ့သို့ ကူညီနေပါသနည်း။

# ရွှေတိဂုံ စေတီတော်



ဂေါတမမြတ်စွာဘုရား သည် သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် အိန္ဒိယပြည်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ မြန်မာပြည်ဖွား ကုန်သည် တပုဿ နှင့် ဘလ္လိက ညီနောင်တို့သည် ဘုရားပွင့်ရာအရပ်သို့ရောက်လာကြသည်။ ညီနောင်နှစ်ဦးသည် မြတ်စွာဘုရားအား မုန့်များကို ကပ်လှူကြသည်။ ထိုသို့ မုန့်များကပ်လှူပြီးသောအခါ ညီနောင်နှစ်ဦးသည် မြတ်စွာဘုရားထံမှ ကိုးကွယ်ပူဇော်ရန် ဝတ္ထုကို ပေးသနားရန် တောင်းပန် လျှောက်ထားကြသည်။

မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သပ်လျက် ပါလာသော ဆံတော်ရှစ်ဆူကို ပေးတော်မူသည်။

ကုန်သည်ညီနောင် နှစ်ဦးသည် ဆံတော်ရှစ်ဆူကို မြန်မာပြည်သို့ သယ်ဆောင်၍ ဥက္ကလာပမင်းကြီးအား ဆက်သသည်။

ဥက္ကလာပမင်းကြီးသည် ဆံတော်ရှစ်ဆူကို ဌာပနာ၍ သိင်္ဂုတ္တရကုန်းတော်တွင် ရွှေတိဂုံစေတီတော်ကို တည်ထားကိုးကွယ်သည်။ သိင်္ဂုတ္တရကုန်းတော်သည် ရှေးဘုရားရှင် သုံးဆူတို့၏ ဓာတ်တော်များကိန်းဝပ်ရာ နေရာဖြစ်သည်။ ရွှေတိဂုံစေတီတော်သည် ရှေးဘုရားရှင် တို့၏ တောင်ဝှေးတော်၊ ရေစစ်တော်၊ သင်္ကန်းတော်တို့နှင့်အတူ ဂေါတမဘုရားရှင်၏ ဆံတော်မြတ်တို့ ကိန်းဝပ်ရာ စေတီတော်မြတ်ဖြစ်ပါသည်။



✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ရွှေတိဂုံစေတီတော်အကြောင်းပြောပြပါ။

၃။ ကူးရေးပါ။

ဂေါတမ၊ အိန္ဒိယ၊ ဆံတော်၊ သက္ကရာဇ်၊ ဥပနာ ။

၄။ အောက်ပါစကားလုံးတို့ဖြင့် ဝါကျဖွဲ့ပြပါ။

ကိုးကွယ်၊ ကပ်လှူ၊ တည်ထား၊ တောင်းပန်၊ သယ်ဆောင် ။

၅။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ဂေါတမမြတ်စွာဘုရား ဘုရားအဖြစ်ရောက်တော်မူသော ခုနှစ်ကို ဖော်ပြပါ။

(ခ) ဂေါတမမြတ်စွာဘုရားထံမှ ဆံတော်ရရှိလာသော ညီနောင်နှစ်ဦး၏ အမည်များကို ဖော်ပြပါ။

(ဂ) ရွှေတိဂုံစေတီတော်ကို မည်သူစတင်တည်ထားခဲ့သနည်း။

(ဃ) ရွှေတိဂုံစေတီတော် တည်ရှိရာကုန်းမြေကို မည်သို့ ခေါ်တွင်သနည်း။

(င) ရွှေတိဂုံစေတီတော်တွင် ဌာပနာထားခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော် လေးမျိုးကို ဖော်ပြပါ။

## ပညာရဖို့



တံစက်မြိတ်အောက်
မှောက်ထားတဲ့အိုး
မိုးဘယ်လောက်ရွာရွာ
အိုးထဲမှာ ရေမဝင်။



တံစက်မြိတ်အောက်
ပေါက်နေတဲ့အိုး
မိုးဘယ်လောက်ရွာရွာ
အိုးထဲမှာ ရေမဝင်။

အိုးထဲမှာ ရေဝင်
ရေတင်ဖို့ဆို
အိုးကောင်းကို တည့်တည့်ထောင်
မလဲအောင်ထား
အိုးတခြား တံစက်မြိတ်တခြား
ဖြစ်မသွားစေနဲ့



ပညာယူတယ်၊ ရတယ်ဆိုတာ ဒီသဘောပါပဲ။

**မောင်တင်စိုး (သစ်ရာကောက်)**


✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ကဗျာအကြောင်းပြောပြပါ။

၃။ ပညာရဖို့ သင်ဘယ်လို ဆည်းပူးမလဲ။



## ဖွားဦးဖွန်း

ဖွားဦးဖွန်းသည် မန္တလေးမြို့ပိုးကုန်သည်ကြီးဦးအိနှင့်ဒေါ်မျှင်တို့ကမြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း(၅)ရက် သောကြာနေ့တွင်ဖွားမြင်သည်။ တစ်ဦးတည်းသောသမီး ဖြစ်ပါသည်။ သားဦးမိန်းကလေးဖြစ်သောကြောင့် မိဘများကမဦးဖွန်းဟုအမည်ပေးကြသည်။

ငယ်စဉ်ကဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူလေသည်။ မိဘနှစ်ပါးကွယ်လွန် သောအခါပိုးကုန်သည်အဖြစ်ပိုးထည်လုပ်ငန်းကိုဦးစီး၍လုပ်ကိုင်ခဲ့လေသည်။

မန္တလေးမြို့ပတ္တမြားကျောင်းတိုက်ဆရာတော်အားအုတ်ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့သည်။ ပတ္တမြားအုတ်ကျောင်းအစ်မပဟူ၍ဂုဏ်ပြုခေါ်ဆိုခဲ့ကြသည်။ မဦးဖွန်းသည်ပိုးထည် ရောင်းချရေးကိစ္စဖြင့်ရန်ကုန်သို့ရောက်ရသည်။ ရောက်ရှိစဉ်သိမ်ဖြူလမ်းရှိ ပြင်သစ်၊ ဗရင်ဂျီ သာသနာပြုသီလရှင်များ၏လူအိုရုံသို့သွားရောက်လေ့လာခဲ့သည်။

သားသမီးများမရှိကြသောဗုဒ္ဓဘာသာမြန်မာလူမျိုးအဘိုးအဘွားများအား စောင့်ရှောက် ကျွေးမွေးနိုင်မည့်ဌာနများဖွင့်လှစ်ရန်ဆန္ဒကိုဒေါ်ဦးဖွန်းသည် ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။ ရှေးဦးစွာမင်းကွန်းလူအိုရုံ နောင်အခါသထုံလူအိုရုံ၊ ပေါင်းတည်လူအိုရုံ၊ နှင်းဆီကုန်းလူအိုရုံ နှင့်ပခုက္ကူလူအိုရုံများကိုတည်ထောင်ခဲ့လေသည်။

ဖွားဦးဖွန်းသည် မိမိ၏ငွေကြေးတို့ကိုအသုံးပြုလျက် မြန်မာ့သမိုင်းတွင်သည့်ခိုကိုးရာမဲ့ ဘိုးဘွားများကိုပြုစုသောလူအိုရုံ(ခေါ်)ဘိုးဘွားရိပ်သာ(၅)ခုကိုတည်ထောင်ခဲ့လေသည်။

ဖွားဦးဖွန်းသည် ၁၉၄၄ ခုနှစ် မတ်လ(၁၀)ရက်နေ့တွင် မန္တလေးမြို့မင်းကွန်းဘိုးဘွားရိပ်သာ၌ကွယ်လွန်လေသည်။

ဖွားဦးဖွန်းသည် မွန်မြတ်လှသောပရဟိတလူမှုရေးလုပ်ငန်းတွင်ထင်ရှားလှသည့် မေတ္တာ၊ စေတနာ၊ ကရုဏာရှင်အမျိုးသမီးကြီးတစ်ဦးဖြစ်ပါသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

**လေ့ကျင့်ခန်း**

၁။ ဖတ်ပါ။

၂။ ဖွားဦးဖွန်း၏မိဘများအမည်ကိုပြောပြပါ။

၃။ ဖွားဦးဖွန်း၏အကြောင်းကိုသိသမျှပြောပြပါ။

၄။ ဖွားဦးဖွန်းတည်ထောင်သောဘိုးဘွားရိပ်သာများတည်ရှိသည့်မြို့များကိုဖော်ပြပါ။

NFPE

## ရေချမ်းစင်၏ စေတနာ



အေးမြရေချို၊ သောက်စေလို၍
စိမ့်ယိုမြေအိုး၊ ညောင်ရိပ်မိုးလျက်
ပျိုးပင်စိမ်းမွေး၊ သဲဖွေးဖွေးနှင့်
လမ်းနံဘေးက ရေချမ်းစင်။

ခရီးပန်းလျှင်
ရေချမ်းတစ်ခွက်၊ ကျောက်စက်အိုးမှ
သောက်ရမောပြေ၊ အားပြည့်ချေ၏။

လမ်းသွားလမ်းလာ၊ လူတကာကို
စေတနာရှေ့ပြေး၊ ကိုယ်လိုတွေး၍
ဝမ်းအေးစေလို၊ ထိုကုသိုလ်တွက်
ဘာကိုမျှမတောင်း၊ ရေဖြည့်လောင်းသည်
ကျောင်းစာမတတ်၊ ဘာမတတ်နှင့်
တို့ရပ်ရွာသား၊ ယာသမား၏
မကြွားမဝါ၊ စေတနာသည် •
**မြန်မာဆိုမှ မြန်မာတည်း။**

**တင်မိုး**

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

### လေ့ကျင့်ခန်း

၁။ ရွတ်ဆိုပါ။
၂။ ကူးရေးပါ။
၃။ ကဗျာအကြောင်း ပြောပြပါ။

## ဆီးသီးသည် မဗျိုင်း

သူ့နာမည်က မဗျိုင်းတဲ့။ ငယ်ငယ်တုန်းက အသားဖြူသည်၊ ဗျိုင်းကလေးနှင့် တူသည်ဆို၍ အမေက 'မဗျိုင်း – မဗျိုင်း' ဟုခေါ်သည်။



သည်လိုနှင့် မဗျိုင်းအမည်တွင်သွားသည်။ ခုတော့ အသားမဖြူလှ။ အသားလတ်လတ်။ အရပ်အမောင်းကတော့ ရှည်ရှည်သွယ်သွယ်။ မျက်နှာပုံပန်းက ခပ်ဝိုင်းဝိုင်း။ သနားကမား ပင်ဖြစ်သည်။

မဗျိုင်းကလေးတို့ ဆင်းရဲရှာသည်။ သူ့အမေက မန်ကျည်းရွက်ခူး၍ ရွာထဲ ရပ်ထဲမှာ ရောင်းရသည်။ အဖေကတော့ လှေထိုးလိုက်ရသည်။ ရွာမှာ အမြဲမနေနိုင်။ အောက်ပြည် အောက်ရွာ သွားနေရသည်က များသည်။

မဗျိုင်းကလေးအရွယ်ရောက်လာတော့ အမေတို့ အဖေတို့ကို ကူရသည်။ ထမင်းအိုးခွင်၊ ဟင်းအိုးခွင် ဝင်တတ်ပြီ။ ကောက်စိုက် ပျိုးနုတ် လုပ်တတ်ပြီ။ အမေတို့၊ အဖေတို့ မှာ မဗျိုင်းကလေးကြောင့် စိတ်နှလုံးချမ်းသာရသည်။

မဗျိုင်းကလေး အလွန်ပျော်သည်။ ဆီးသီးကောက်ဖော်တွေနှင့် စကြ၊ ပြောင်ကြသည်။ တေးတပိုပို ဆိုကြသည်။ ဆီးပင်အောက်မှာ ဝိုင်းဖွဲ့ပြီး ထိုင်သည့်အခါထိုင်သည်။ ရေကန်ကြီးထဲမှာ ရေချိုးသည့်အခါချိုးသည်။



နေစောင်းတော့ ကန်ပေါင်ရိုးပေါ်က လျှောက်ပြီး ဆီးသီးတောင်းကိုယ်စီနှင့် အိမ်ပြန်ကြသည်။

တစ်နေ့တွင် ဆီးသီးကောက်နေစဉ် မဗျိုင်းဦးခေါင်းမော့ကြည့်လိုက်မိရာ 'အို . . . အမေ့' ဟု လန့်သွားမိသည်။

ဆင်ပြောင်ကြီးကို စီးလာသော ဘုရင်ကြီး ပါတကား။ နောက်လိုက်နောက်ပါ အခြွေအရံ များလည်းပါသည်။

ဆင်ပေါ်ကဘုရင်သည် မဗျိုင်းကလေးကို စိန်းစိန်းကြည့်နေသည်။ မဗျိုင်းသည် မျက်လွှာချနေသည်။

ထို့နောက် –

'သည်မိန်းကလေးကို ကိုယ်တော်မြတ် စုံမက်တော်မူသည်။ ဤသတို့သမီးငယ်ကို ဆောင်ယူတော်မူမည်' ဟူသောအသံကိုသာ မဗျိုင်းကြားရတော့သည်။ မဗျိုင်းဘာ

ကိုမျှ မမြင်တော့။ မျက်စိတွေပြာသွားလေသတည်း။

သို့နှင့် လပေါင်းအတန်ကြာသွားသည်။ မိဖုရား မဖျိုင်းသည် ရွာကို မေ့စပြုပြီ။ နန်းတော်ထဲတွင် ပျော်စပြုပြီ။

ငယ်ငယ်တုန်းက မဖျိုင်းက မော့မကြည့်ဝံ့ခဲ့သော မြင်းစီးမင်း၊ သွေးသောက်ကြီး စသည်တို့သည် ယခုအခါ မဖျိုင်းကို ယောင်လို့မှ မော့မကြည့်ဝံ့တော့ပြီ။ မဖျိုင်းထံပါးသို့ပင် ဝင်ရဲကြသည်မဟုတ်။ မြို့စားနယ်စားကြီးများ၊ မှူးကြီးမတ်ကြီးများတို့သည်လည်း မဖျိုင်းထံပါးသို့ အခစားဝင်ကြရသည်။ လက်ဆောင်တော်ဆက်ကြရသည်။ မဖျိုင်း၏အမိန့်ကို ရိုသေစွာ နာခံကြရသည်။

မဖျိုင်းကသာ သတိမရသည်။ ထွေးခင်တို့ သူငယ်ချင်းတွေက တစ်နေ့မျှ မမေ့။ ရေကန်ကြီးထဲမှာ ရေချိုးတော့လည်း သတိရသည်။ ကန်ပေါင်ရိုးပေါ်က လမ်းလျှောက်ပြီး ပြန်လာကြတော့လည်း ဖျိုင်းကလေးကို လွမ်းသည်။ ဆီးပင်အောက် ရောက်တော့ ထွေးခင် ငိုမဲ့ ငိုမဲ့။

''ဖျိုင်းကလေးနဲ့ တွေ့ချင်သေး အေတို့ရယ်။ သူငယ်ချင်း နေကောင်းထိုင်သာမှ ရှိပါစ။ သင်း အလွန်ကြိုက်တဲ့ အညှာ်ရည်နဲ့ ဆီးသီးမှ စားရပါစအေ ...။ ငါတော့ ဖျိုင်းကလေး ဆီ သွားချင်သေးတယ် ကောင်မတို့ရယ်''

ထွေးခင် ဆီးသီးတောင်းကလေးရွက်၍ မြို့တက်ပြီး၊ ဖျိုင်းကလေးနှင့် တွေ့ရအောင် ထွေးခင်ကြံသည်။ နန်းတော်တွင်းသို့ ဝင်နိုင်အောင်ဝင်သည်။ နန်းတော်တွင်း မင်းမှုထမ်းတို့ ရပ်ကွက်ရောက်သောအခါ ထွေးခင်သည် 'ဆီးသီးသည် တော်ရို့ ... ဆီးသီးသည်' ဟု အသံစာစာနှင့် ဟစ်လေတော့သည်။



ထွေးခင်သည် အိမ်ပြူတင်းပေါက်များသို့လည်း မကြာ မကြာ လှမ်းကြည့်သည်။ 'မိရွှေဖျိုင်း ငါ့ကိုလှမ်းပြီး ခေါ်ကောင်းပါရဲ့' ဟုလည်း အောက်မေ့သည်။

ထိုအခိုက် မဖျိုင်းနှင့် ဘုရင်ကြီးထွက်လာသည်။ မဖျိုင်းသည် ထွေးခင်၏အသံကို ကြားပြီး ဖြစ်သည်။ ထွေးခင်ကြောင့် မိမိ၏ နိမ့်ကျသော ဆီးသီးသည် မဖျိုင်းဘဝကို အများသိကုန်ကြမည်ကို မဖျိုင်းရှက်သည်။ မိမိဇာတိ ပေါ်မည်ကို အစိုးရိမ်ကြီး စိုးရိမ်သည်။ ထို့ကြောင့် ထွေးခင်ကို မသိယောင်ပြုကာ၊ 'ဟဲ့ ... ရွှေစာတို့ ... ဘာလုပ်နေကြတာတုံး' ဟု ငေါက် ဆတ်ဆတ်နှင့် မေးသည်။



ထိုအခါ မဖျိုင်းသည် တင်းမာသော မျက်နှာထားနှင့်။

''ဆီးသီးဆိုတာ ဘယ်ဟာတဲ့တုံး။ မှန်း . . . ပြစမ်း . . . ဘယ်ရွာက လာပြီး ရောင်းသ တဲ့တုံး . . . ဆိုစမ်း '' ဟုဆိုလိုက်ရာ၊ ထွေးခင်သည် ဆီးသီးတောင်းကလေးကို ကပျာကရာ ရွက်ပြီးလျှင် မျက်စိမျက်နှာ အပျက်ပျက်နှင့် ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ရလေသည်။

'ဖြစ်ရလေ ဖျိုင်းကလေးရယ် . . . ယင်း သည့်လောက်မောက်မာဖို့ မသင့်ပါဘူးအေ' ဟု ထွေးခင်တွေးရင်း ငိုချင်ရင်း ရွာဆီသို့ ပြန်လေသည်။

မဖျိုင်း၏ 'ဆီးသီးဆိုတာ ဘယ်ဟာတဲ့တုံး' ဟူသောအမေးကို ဘုရင်ကြားရသော အခါ အမျက်ပြင်းစွာထွက်လေသည်။

''မိမိ၏ ဘဝမှန်ကို မေ့သူအား ငါမစုံမက်လိုပြီ။ ငါသည် သင်၏ရိုးသားမှုကို ချစ်ခင်ခဲ့ခြင်း ဖြစ်သည်။ ယခု သင်၏မာန်မာနကို မြင်ရ၍ နှလုံး မသာမယာဖြစ်ခဲ့သည်။ ယနေ့မှစ၍ သင်သည် နန်းတွင်းမှ ထွက်စေ''

ဤသို့အမိန့်တော်မှတ်ပြီးလျှင် မိဖုရားအား နန်းတွင်းမှ နှင်ထုတ်လေသတည်း။



✧✧✧✧✧✧✧✧✧✧✧✧✧✧✧

## လေ့ကျင့်ခန်း

၁။ ဖတ်ပါ။

၂။ ပုံပြင်ကို ပြန်ပြောပြပါ။

၃။ အောက်ပါစကားလုံးများကို ကူးရေးပါ။

တေးတဟိုဟို၊ ကန်ပေါင်ရိုး၊ စိန်းစိန်းကြည့်၊ စုံမက်၊ မြင်းစီးမင်း၊ သွေးသောက်ကြီး၊ အညှက်ရည်၊ ကပျာကယာ ။

၄။ အောက်ပါမေးခွန်းများကိုဖြေပြပါ။

(က) မဖျိုင်းမိဘတို့၏ အလုပ်အကိုင်ကိုဖော်ပြပါ။

(ခ) မဖျိုင်းနန်းတွင်းသို့ရောက်ရှိပြီး လအတန်ကြာသော် မည်ကဲ့သို့ ပြောင်းလဲလာသနည်း။

(ဂ) ရှင်ဘုရင်ကြီးသည် မဖျိုင်းအား အဘယ်ကြောင့် နန်းတွင်းမှ နှင်ထုတ် သနည်း။

## အခြေခံမြန်မာဖတ်စာ (ဒုတိယဆင့်)
## ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုချက်

### ခက်ဆစ်

အခြေခံမြန်မာဖတ်စာ (ဒုတိယဆင့်)တွင် ပါဝင်သော စာ၊ ကဗျာ များကိုလေ့လာဖတ်ရှုရာတွင် စာသင်သားတို့အတွက်ခက်ခဲသော စကားလုံးဝေါဟာရအချို့ပါဝင်နေပါသည်။ ထို့ကြောင့် ခက်ဆစ် (၁၀၀) ၏ အဓိပ္ပာယ်များကို ဖွင့်ဆိုပေးထားပါသည်။ ခက်ဆစ် ဆိုသည်မှာ သိရန်မလွယ်ကူသောစကား၊ အချက်အလက်၊ ဝေါဟာရကို ဆိုလို ပါသည်။ သင်ခန်းစာများကို လေ့လာဖတ်ရှုရာတွင် အခက်တွေ့ပါက ခက်ဆစ်အဖြေကို လေ့လာပါ။

**(၁) ကျောင်းသားကောင်း**

၁။ မုချ = မလွဲမသွေ။ သေချာစွာ

**(၂) အလိုကြီးအရနည်း**

၁။ လောဘ = လိုချင်မက်မောခြင်း၊ တပ်မက်ခြင်း။

၂။ နှောင်တ = ပြုသင့်သည်ကို မပြုမိ၍ဖြစ်စေ၊ မပြုသင့်သည်ကိုပြုမိ၍ ဖြစ်စေ ပူပန်ခြင်း။

၃။ သင်ခန်းစာ = ဆင်ခြင်ဖွယ်၊ အတုယူဖွယ်။

**(၃) ဉာဏ်ကောင်းသောကျီး**

၁။ ဉာဏ် = အသိပညာ၊ အသိဉာဏ်။

၂။ စဉ်းစား = ဆင်ခြင်သည်၊ တွေးတောသည်။

၃။ ကျီးတို့၏သဘာဝ = လုယူထိုးသုတ်စားတတ်သော ငှက်နက်တစ်မျိုး။

(၁) ရန်သူများကို အခါမလပ် ကြည့်ရှုဆင်ခြင်တတ်ခြင်း၊

(၂) အစာများကို တွေ့လျှင် အဖော်တို့ကိုခေါ်ယူစားခြင်း၊

(၃) အစာနှင့်ရန်သူတစ်ပြိုင်နက်ကြည့်ခြင်း၊

(၄) လုံ့လရှိခြင်း၊

**(၄) အဘိုးအိုနှင့်သားများ**

၁။ အချည်းနှီး = အလဟဿ။ အလကားဖြစ်သည်။



NFPE

**(၅) ရွှေ့လျားစာကြည့်တိုက်**

၁။ ရွှေ့လျား = မူလနေရာမှပြောင်းရွှေ့သည်။

၂။ ဖောင်ဒေးရှင်း = အလှူငွေပေးသည့်အဖွဲ့အစည်း။

**(၆) ပန်းဆယ်ပွင့်**

၁။ အင်္ဂတေ = ထုံး၊ ဘိလပ်မြေ၊ သဲ၊ ရေတို့ကိုအချိုးကျရောစပ် ထားသည့် အရာ

၂။ သရွတ် = အချော။ အချောကိုင်သည်။

၃။ ပွတ်ခုံ = ပွတ်တိုက်သည်။

၄။ မုခ်ဝ = အပေါက်ဝ။

**(၇) မိုးခြိမ်းတာကြောက်တဲ့အမေ**

၁။ ခေါင်းချရာ = ကွယ်လွန်ပြီးမြေမြှုပ်ရာအရပ်။

၂။ ဖြစ်အင် = အဖြစ်အပျက်။

၃။ နှစ်သိမ့် = အားပေးသည်။

၄။ နာမကျန်း = မကျန်းမမာဖြစ်သည်။ နေမကောင်းဖြစ်သည်။

**(၈) ကြာအေး**

၁။ ကြာကလပ် = ကြာချပ်ပုံများဖြင့်မွမ်းမံပြုလုပ်ထားသောကလပ်။

၂။ ပလ္လင် = မြင့်မြတ်သောပုဂ္ဂိုလ်တို့ထိုင်ရန်ပြုလုပ်ထားသောခုံမြင့်။

**(၉) ကျွန်တော်တို့၏ရွာကလေး**

၁။ စာကြည့်တိုက် = ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန် စာအုပ်များကို သိမ်းဆည်း ထားရာ အဆောက်အအုံ။

၂။ သုတ = အကြားအမြင်။

၃။ ဥယျာဉ် = သစ်ပင်ပန်းမန် စိုက်ပျိုးထားရန်နေရာ။ ခြံမြေ။

၄။ သတင်းစာ = ပြည်တွင်းပြည်ပသတင်းများကို အများအားဖြင့် နေ့စဉ် ပုံနှိပ်ထုတ်ဝေသောစာစောင်။

၅။ ဂျာနယ် = တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် စသည်ဖြင့် ထုတ်ဝေ သော စာစောင်။

၆။ မဂ္ဂဇင်း = ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစသည့်အကြောင်းအရာ မျိုးစုံ ပါဝင်သော လစဉ်ထုတ်စာစောင်။

### (၁၀) ရွှေစွန်ညို

၁။ စွန် = ကောင်းကင်တွင်ဝဲ၍ ငှက်ငယ်၊ ကြက်ငယ် စသည်တို့ကို ထိုးသုတ် စားမျိုသောငှက်။

၂။ ချောင်း = မြစ်လောက်မကြီးသော ရေစီးကြောင်း။

၃။ မြစ် = ပင်လယ်သမုဒ္ဒရာစသော ရေပြင်ကျယ်များထဲသို့ စီးဝင်သော ရေကြောင်းကြီး။

၄။ ပင်လယ် = ကမ်းမမြင်အောင် ကျယ်ပြန့်သော ဆားငံရေပြင်ကြီး။

### (၁၁) ဦးသန့်၏နေအိမ်ပြတိုက်

၁။ ယူနီဗာစီတီ = တက္ကသိုလ်။

၂။ ကုလသမဂ္ဂ = ကမ္ဘာ့နိုင်ငံပေါင်းစုံအဖွဲ့ကြီး။

### (၁၂) ဥပုသ်စောင့်

၁။ အော့ = အော့နှလုံးနာသည်။

### (၁၃) စာဖတ်သောလယ်သမားလေး မောင်ဥက္ကာ

၁။ ဥက္ကာပျံ = အာကာသမှပျံသန်းကျရောက်လာတတ်သောအဝါရောင် အစိုင်အခဲ။

၂။ တစ်ရှူး = ခိုင်းကျွဲ၊ ခိုင်းနွားတစ်စုံ (၂ ကောင်)။

၃။ စည်းတပစ် = မင်းမှုထမ်းရာထူးတစ်ခုနှင့်တွဲဖက်နေသောဘွဲ့အမည်။

### (၁၄) ဝက်ပါ

၁။ ဝက်ပါ = တောင်ကြွေ့တောင်ပတ်များသောလမ်း။

၂။ တိုးလျှို = ထုတ်ချင်းပေါက်။ (ဒိုးယိုပေါက်ပါ။)

၃။ နဒီ = မြစ်။

၄။ ဇာလီ = ဘုရားလောင်းဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့၏ သားတော်၏အမည်။

၅။ ကျောင်း = ရသေ့ရဟန်းတို့သီတင်းသုံးနေထိုင်ရာအဆောက်အအုံ။

၆။ သခ်မ်း = သူတော်ကောင်းတို့နေထိုင်သီတင်းသုံးရာအဆောက်အအုံ။

ဝက်ပါတောင်ဝှမ်းတွင် ဝေဿန္တရာ၊ မဒ္ဒီဒေဝီနှင့်သားတော်ဇာလီ၊ သမီးတော် ကဏှာဇိန်တို့ မိသားစုသည်ရသေ့ရဟန်းပြုလျက် ကျောင်းသခ်မ်းတွင်နေထိုင်ကြသည်။ ဝက်ပါကဗျာသည် ဇာလီနှင့် ကဏှာဇိန်တို့နေထိုင်ရာကျောင်းပတ်ဝန်းကျင်၏ သာယာကြည်နူးဖွယ်ကောင်းပုံကိုဖွဲ့ဆိုထားသော ကဗျာဖြစ်သည်။



NFPE

### (၁၅) တို့ရွာတို့ကျောင်း

၁။ မုန်တိုင်း = အဟုန်ပြင်းစွာတိုက်သောလေ။ လေပြင်း။
၂။ ရန်ပုံငွေ = အသင်းအဖွဲ့စသည်တို့၌ လိုအပ်သည့်အခါ သုံးရန်စုဆောင်းထားသည့်ငွေ။
၃။ လှူဒါန်း = ပေးကမ်းစွန့်ကြဲသည်။
၄။ ငလျင် = မြေလွှာထုပြိုကွဲရွေ့လျားမှု၊ မီးတောင်ပေါက်ကွဲမှု စသည်ကြောင့် မြေကြီးတုန်လှုပ်ခြင်း။

### (၁၆) စံပြကျေးရွာ

၁။ စံပြ = စံအဖြစ်သတ်မှတ်ခံရသော သူ၊ အရာ။
၂။ ပြဿဒ် = ပြာသာဒ်ဟူ၍လည်းရေးသည်၊ ဘုံအဆင့်ဆင့်နှင့် ထုပိကာတင်သော အဆောက်အအုံ။ ထုပိကာ၏ အမိုးပွယ်မှာ ပြာသာဒ်အထွတ်ဖြစ်သည်။
၃။ သမိုင်း = နိုင်ငံ၊ လူမျိုး၊ အဆောက်အအုံစသည်၏ဖြစ်စဉ်။
၄။ ဗဟုသုတ = များပြားသောအကြားအမြင်အတွေ့အကြုံ။
၅။ ဂုဏ် = သက်ရှိသက်မဲ့တို့၏အရည်အချင်း၊ အစွမ်းသတ္တိ။
၆။ ဖြန့်ချိ = ဖြန့်ဝေသည်။

### (၁၇) ပန်းသည်

၁။ ရောင်နီ = နံနက်စောစောပေါ်ထွက်စနီမြန်းသောနေရောင်ခြည်။
၂။ ပလီ = ထူးထွေဆန်းပြားသည်။
၃။ မွှေးကြိုင် = ရနံ့မွှေးသော။
၄။ လန်း = လတ်ဆတ်သော။
၅။ ကုံး = ပန်းစသည်ကိုချည်မျှင်စသည်ဖြင့် ဖွဲ့သီသည်။

### (၁၈) သားလိမ္မာနဲ့ယုန်ကလေး

၁။ ထောင် = ကြက်၊ ငှက်၊ ယုန်စသည်တို့ကို ဖမ်းဆီးရန် ညွှတ်ကွင်းစသည်ဆင်ထားသည်။ ထောင်ချောက်ဆင်သည်။
၂။ ညွှတ်ကွင်း = အနှောင်အဖွဲ့။
၃။ သစ္စာဆို = မှန်သောစကားကိုဆိုသည်။
၄။ တစ်ဟုန်ထိုး = မရပ်မနား။

**(၁၉) အောင်ဆန်းဇာနည်**

၁။ ဇာတိ = မွေးဖွားရာအရပ်

၂။ ဇာနည် = အာဇာနည်။
အများအကျိုးအတွက်သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ။

၃။ ပြောင်းကြွတမလွန် = ကွယ်လွန်သည်။

၄။ မျက်ရည်သွန် = မျက်ရည်များစွာကျခြင်း။

၅။ ဘဝင်ညှိုး = ဝမ်းနည်းသည်။

**(၂၀) ပိုနေမြဲကျားနေမြဲ**

၁။ ချဉ်းကပ် = အနီးသို့ကပ်သွားသည်။

၂။ အကျွမ်းဝင် = ခင်မင်ရင်းနှီးသည်။

**(၂၁) မဟောသဓာ၏ကစားရုံ**

၁။ ဖွားဖက်တော် = တစ်စုံတစ်ဦးနှင့်တစ်ချိန်တည်းမှာအပြိုင်မွေးဖွားသူ။

၂။ အာဂန္တု = ခေတ္တခဏရောက်ရှိလာသူ။

**(၂၂) စကားထာဝှက်ခြင်း**

၁။ စကားထာ = အနက်အဓိပ္ပာယ်မြှုပ်ထားသောဉာဏ်စမ်းစကား။

၂။ ဆံမြိတ်ချ = ဆံထုံးမှစွန်းထွက်နေသော ဆံစွန်းအမြိတ်။

၃။ ပန်းပြောက် = ထုလုပ်ထားသည့်ပန်းပွင့်ပန်းခက်စသည့်ပုံစံ။

၄။ ဝတ်လုံ = ဝတ်ဆင်ရသောအင်္ကျီရှည်။

၅။ ပုံတောင်သမား = ပုံသမား။

၆။ ကညာ = မိန်းကလေး၊ အပျိုစင်။

၇။ ဒိုက် = အမှိုက်စု။

**(၂၃) ဆရာ့ကျေးဇူး**

၁။ ဦးခိုက် = ဦးတိုက်ရှိခိုးသည်။

**(၂၄) တိုင်းရင်းသားရိုးရာအကများ**

၁။ ရိုးရာ = မိဘစဉ်ဆက်ကျင့်သုံးသောအလေ့အထ။

**(၂၅) ရာဇကုမာရ်သားလိမ္မာ**

၁။ အမျက်တော်ရှ = အမျက်ဒေါသ။

၂။ ဦးဆောက်ပန်း = ကျွန်စစ်သားမင်းကြီး၏မိဖုရားတစ်ပါး၏အမည်။ ရှေးခေတ်အမျိုးသမီးတို့၏ဦးခေါင်းတွင်ဆင်မြန်းသော အဆင်းတန်ဆာတစ်မျိုး။

**(၂၆) ပုဂံခရီးသည်**

၁။ စည်ကြီးပန်တျာ = စည်တော်တစ်မျိုး

၂။ ရှုမအီ = ရှုမငြီး ဖြစ်သည်။

၃။ ဗိသုကာ = ဆောက်လုပ်မှုအတတ်ပညာတတ်ကျွမ်းသူ။

**(၂၇) ရွှေတိဂုံ စေတီတော်**

၁။ ဌာပနာ = စေတီတည်ရာတွင်ထည့်သွင်း မြှုပ်နှံသည်။

၂။ ဓာတ်တော် = ဘုရားရှင်တို့၏ အသုံးအဆောင်ပစ္စည်း။

၃။ ဝတ္ထု = ရဟန်းတော်အတွက်လှူဒါန်းငွေ။

၄။ ကိန်းဝပ် = အတွင်း၌(မြင့်မြတ်သောအရာ)တည်နေသည်။

**(၂၈) ဖွားဦးဖွန်း**

၁။ ဗရင်ဂျီ = ပေါ်တူဂီစသောဥရောပတိုက်သားမျက်နှာဖြူ။

၂။ ပရဟိတ = အများအကျိုးပြုလုပ်ငန်း။

၃။ ဆန္ဒ = လိုချင်မှု၊ အလိုရှိမှု။

၄။ လူအိုရုံ = အသက်အရွယ်ကြီးပြီးအားကိုးစရာသားသမီးဆွေမျိုးမရှိသောသူများကိုပြုစုစောင့်ရှောက်ပေးသည့်နေရာ။

**(၂၉) ကောင်းအောင်ကြိုးစားပါ**

၁။ ကျမ်းစာ = ကျမ်းဂန်၊ ပေစာရွက်များကိုညီအောင်ထိန်းညှပ်သောပျဉ်ချပ်။

၂။ ပေါ်လွင် = ထင်ရှားသည်၊ သိသာမြင်သာသည်၊ ပလွှားဝင့်ဝါသည်။

**(၃၀) ဆီးသီးသည် မဗျိုင်း**

၁။ တေးတဟိုဟို = တေးတကျော်ကျော်။

၂။ စိန်းစိန်းကြည့် = စူးစိုက်ကြည့်သည်။

၃။ မြင်းစီးမင်း = မြင်းထိန်းသူ အကြီးအကဲ။

၄။ သွေးသောက်ကြီး = စစ်သည်တော်ကြီး။

၅။ အညှက်ရှည် = ထန်းလျက်ရှည်။

၆။ စုံမက် = ချစ်သည်၊ နှစ်သက်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

# စကားထာ အဖြေများ



(၁) အုန်းသီး



(၂) နာနတ်သီး

(၃) အုန်းသီး



(၄) မှိုပွင့်



(၅) ပြောင်းဖူး



(၆) ပဒိုင်းသီး

NFPE

(၇) ပုစဉ်း



(၈) သစ်တောက်ငှက်



(၉) အပ်



(၁၀) စောင်းကောက်





(၁၁) လပြည့်ဝန်း

NFPE

NFPE

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ) ကပုံနှိပ်ပြီး
ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုအဆင့်လုပ်ငန်းကော်မတီက
အခမဲ့ဖြန့်ဝေသည်။